# MYANTRADE

# ဈေးကွက်သတင်းလွှာ

အမှတ်စဉ် ၇/၂၀၂၄

## ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- ရွှေဘိုနှင့် ဝက်လက်နယ်ထွက် နှမ်းနက်သီးနှံများ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ် ကောင်းမွန်နေ
- မတ်ပဲဈေးပြန်တက်လာ

### နိုင်ငံတကာဈေးကွက်

- အိန္ဒိယဝန်ကြီးများကော်မတီအစည်းအဝေးတွင် ဘာစမာတီမဟုတ်သောဆန်များတင်ပို့မှုအပေါ် အနိမ့်ဆုံးပို့ကုန်ဈေးနှုန်း တစ်တန်လျှင် ကန်ဒေါ်လာ ၅၀၀ သတ်မှတ်ဆုံးဖြတ်သွားဖွယ်ရှိ
- ဗီယက်နမ်နိုင်ငံသည် ပထမ ၅ လအတွင်း ဆန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံ စံချိန်တင်ရရှိ
- ပြည်တွင်းမှထွက်ရှိသည့်ဆန်များကို အမေရိကန်ဈေးကွက်သို့ တိုးမြှင့်ပို့ဆောင်နိုင်ရန် ကမ္ဘောဒီးယားနိုင်ငံကြိုးပမ်း
- အင်ဒိုနီးရှားစိုက်ပျိုးရေးဝန်ကြီးဌာနသည် နိုင်ငံ၏ဆန်စပါးအထွက်တိုးရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိ
- အနိမ့်ဆုံးပို့ကုန်ဈေးနှုန်းသတ်မှတ်ရေးနှင့်စပ်လျဥ်း၍ ဗီယက်နမ်ဆန်တင်ပို့သူများအကြား သဘောထားကွဲပြား
- ထိုင်းနိုင်ငံ၏ယခင်အစိုးရလက်ထက်ကသိုလှောင်သိမ်းဆည်းထားခဲ့သည့်ဆန်ဟောင်းများအားလေလံတင်ရောင်းချခဲ့
- အိန္ဒိယတွင် စားတော်ပဲတင်သွင်းသူများက ရောင်းချရန်ငြင်းဆိုခြင်းကြောင့် ဈေးကွက်အတွင်း သိုလှောင်ထားရှိမှု အခြေအနေဖော်ပြရမည့်စည်းမျဉ်းများအား တင်းကျပ်ထား
- အိန္ဒိယနိုင်ငံ၏ မေလ စားအုန်းဆီတင်သွင်းမှုသည် အပြိုင်အဆိုင်ဈေးနှုန်းများကြောင့် လေးလအတွင်း အမြင့်ဆုံးသို့ ရောက်ရှိ
- အိန္ဒိယတွင် ကြက်သွန်နီဝယ်လိုအားများသော်လည်း ဈေးကွက်ဝင်ရောက်မှုနည်းပါးသဖြင့် ဈေးနှုန်းများမြင့်တက်လျက်ရှိ
- ဗီယက်နမ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား စိုက်ပျိုးရေးထွက်ကုန်များ ကုန်သွယ်မှု အောင်မြင်လျက်ရှိ
- ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းအားပေးရန် လယ်ယာထွက်ကုန်များအား ဒီဂျစ်တယ်ခြေရာခံစနစ် ဆောင်ရွက် တော့မည့် အင်ဒိုနီးရှားနိုင်ငံ
- ထိုင်းနိုင်ငံ Thailand Future Exchange (TFEX) က ရော်ဘာရည်ညွှန်းဈေး စံနှုန်းသတ်မှတ်ရန် ဆောင်ရွက်လျက်ရှိ
- ရုရှားနှင့် ဗီယက်နမ်ကြား ကုန်သွယ်မှုပမာဏ၏ ထက်ဝက်ကျော်သည် နိုင်ငံသုံးငွေကြေးများဖြင့် ငွေပေးချေလျက်ရှိ
- ရေနံတွင်းဟောင်းများသန့်ရှင်းရေးနှင့် ပတ်သက်သည့် အမေရိကန်အစိုးရ၏အမိန့်ကိုတားဆီးရန်ရေနံကုမ္ပဏီကြီးများနှင့်အတူရပ်တည်ခဲ့ကြသည့်ပြည်နယ်များ

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
http://www.myantrade.org

- ထိုင်းနိုင်ငံ၌ကြက်သားဈေးနှုန်းမြင့်တက်လာမှုကြောင့်ဈေးနှုန်းအပေါ် ပြည်တွင်း ကုန်သွယ်ရေးဦးစီးဌာနက စောင့်ကြည့်လျက်ရှိ
- ကမ္ဘောဒီးယားနိုင်ငံမှ တရုတ်နိုင်ငံသို့ ကင်းပုစွန်တုပ်အရှင် ၃ တန်ကျော်တင်ပို့ခဲ့
- ထိုင်းနိုင်ငံတွင် ကုန်သွယ်မှုမြှင့်တင်ရန်အတွက် SMEs ပြပွဲ ကျင်းပပြုလုပ်
- တောင်ကိုရီးယားနိုင်ငံ၏ အကြီးမားဆုံးတင်ပို့သည့်နိုင်ငံနေရာတွင် ရပ်တည်နေသော တရုတ်နိုင်ငံ နေရာကို အမေရိကန်နိုင်ငံအစားထိုးလာနိုင်
- စားနပ်ရိက္ခာဖူလုံရေးအတွက် ဂျပန်အစိုးရနှင့်ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးခဲ့
- စင်ကာပူနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံအကြား Financial Transparency Corridor Initiative (FTC) စတင် ဆောင်ရွက်
- အမေရိကန်နိုင်ငံ၏ ရေနံစိမ်း Inventory သည် ယခင်ရက်သတ္တပတ်အတွင်း မြင့်တက်ခဲ့
- ဂျပန်အစိုးရအနေဖြင့် ဂျပန်နိုင်ငံအား နိုင်ငံတကာဘဏ္ဍာရေးစင်တာအဖြစ် ဖော်ဆောင်နိုင်ရေးအတွက် အထူးဇုန်များတည်ထောင်
- ဗီယက်နမ်နိုင်ငံ၏ ငရုတ်ကောင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၅၀၀ နီးပါးရရှိ
- ယူကေနိုင်ငံမှ ရွှေ ၁၀၀ မက်ထရစ်တန်အား ပြည်တွင်းရှိ ရွှေတိုက်များသို့ပြောင်းရွှေ့ခဲ့သည့် အိန္ဒိယနိုင်ငံ
- တရုတ်နိုင်ငံသို့ တင်ပို့မှုမြင့်တက်လာခြင်းကြောင့်ကမ္ဘာတစ်ဝန်း မက္ကဒေးမီးယားထုတ်လုပ်မှုမြင့်တက်လာ
- ထိုင်းနိုင်ငံ၏ Soft Power ကို မြှင့်တင်နိုင်ရေးအတွက် အနုပညာနှင့် လက်မှုပညာများကို စီးပွားရေးအရ အကျိုးဝင် စေနိုင်ရေးဖန်တီးသွားရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးက လမ်းညွှန်မှာကြား
- ဂျာမနီစီးပွားရေးဝန်ကြီး Mr. Habeck တရုတ်နိုင်ငံတွင် ရောက်ရှိနေစဉ်အတွင်း အခွန်စည်းကြပ်မှုဆိုင်ရာကိစ္စရပ်များ နှင့် စပ်လျဉ်း၍ပြောကြား
- ထိုင်းနိုင်ငံနှင့် ဥရောပသမဂ္ဂတို့အကြား စတုတ္ထအကြိမ်မြောက် လွတ်လပ်သောကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲကို ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ကျင်းပသွားရန်ရှိ
- BIOFACH and VIVANESS 2025 အား လာမည့်နှစ် ဖေဖော်ဝါရီလအတွင်း ဂျာမနီနိုင်ငံ၊ Nuremberg မြို့တွင်ကျင်းပမည်
- Can Tho ဒေသသည် ပထမအသုတ်အဖြစ် သရက်သီးစိမ်းများကို ဩစတြေးလျနှင့် အမေရိကန်သို့တင်ပို့
- ကော်ဖီတင်ပို့မှုမှအမေရိကန်ဒေါ်လာ(၃)ဘီလီယံရရှိခဲ့သည့် ဗီယက်နမ်နိုင်ငံ
- စံချိန်တင်ပမာဏရှိသည့် နေကြာဆီများကိုဝယ်ယူခဲ့သည့် အိန္ဒိယနိုင်ငံ
- တရုတ်နိုင်ငံ၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) စီးဝင်မှုသည် ပထမငါးလအတွင်း ယွမ် ၄၁၂ ဒသမ ၅ ဘီလီယံအထိ ရောက်ရှိခဲ့
- ဂျုံတင်သွင်းမှု ပိတ်ပင်ထားသည့် တူရကီနိုင်ငံ
- မလေးရှားနိုင်ငံမှ လတ်ဆတ်သော ဒူးရင်းသီးများ နောက်ဆုံးတွင် တရုတ်နိုင်ငံသို့ ဈေးကွက်ဝင်ရောက်လာနိုင်ပြီဖြစ်

## ပြည်တွင်းကုန်သွယ်မှုသတင်း

- ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီတွင် ပဲခူးတိုင်းဒေသကြီးအတွင်း ရိုဘတ်စတာကော်ဖီ ဧက ၁၀၀၀ စိုက်ပျိုးသွားမည်

## ပြည်ပကုန်သွယ်မှုသတင်း

- လယ်ယာထွက်ကုန်ပဲမျိုးစုံမေလတင်ပို့မှုလျာထားချက်ကျော်လွန်
- ပြည်ပသို့ ပျားရည် တန် ၅၀၀ နီးပါးတင်ပို့

## အထူးဆောင်းပါးများ

- ဖိလစ်ပိုင်သမ္မတမားကို့စ်မှဆန်တင်သွင်းမှုအပေါ်ကောက်ခံသည့်အကောက်ခွန်နှုန်းထားလျှော့ချသတ်မှတ်သည့် အမိန့်ကြော်ငြာစာထုတ်ပြန်
- ထိုင်းနိုင်ငံ၊ ကုန်သွယ်ရေးမူဝါဒနှင့် မဟာဗျူဟာရုံးက Secondary ပို့ကုန်အမျိုးအစားများ ပိုမိုတင်ပို့နိုင်ရေး စိတ်အား ထက်သန်လျက်ရှိ

**ကုန်သွယ်မှုအခြေအနေ၊ ကုန်စည်ဈေးနှုန်းများ**

## ပြည်တွင်းဈေးကွက်

### ရွှေဘိုနှင့် ဝက်လက်နယ်ထွက် နှမ်းနက်သီးနှံများ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်နေ

ယခုရက်ပိုင်းအတွင်း နှမ်းနက်သီးနှံများ မန္တလေးဈေးကွက်သို့ဝင်ရောက်လာကာ အရောင်းအဝယ်သွက်လက်ကောင်းမွန်းနေကြောင်း မန္တလေးနှမ်းကုန်သည်များထံမှ သိရသည်။

အဆိုပါ နှမ်းနက်များသည် မန္တလေးဈေးကွက်အတွင်းသို့ ရွှေဘိုခရိုင်နှင့် ဝက်လက်နယ်တို့မှ စတင်ထွက်ရှိကာ ဝင်ရောက်လာကြောင်း၊ ယခုနှစ်တွင် လက်ရှိဈေးကွက်အတွင်း နှမ်းနက် သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၄၈၀,၀၀၀ နှုန်းဖြင့် အရောင်းအဝယ်သွက်လျက်ရှိကြောင်း မန္တလေးမြို့ စိုးဝင်းမြင့် ပွဲရုံပိုင်ရှင်ကပြောသည်။

“ဒီရက်ပိုင်းမှာ မန္တလေးဈေးကွက်ကို နှမ်းနက်သာမကနှမ်းဖြူတွေပါစတင်ဝင်လာပြီး အရောင်းအဝယ်တွေကောင်းနေတယ်။ နှမ်းနက်ကလည်း ပြည်ပပို့ကုန်အနေနဲ့ တင်ပို့ခွင့်ရထားတယ်။ ဒီနှစ်အနေနဲ့ ရာသီဥတုကောင်းမွန်ပြီး အထွက်နှုန်းလည်းကောင်းမွန်တာတွေ့ရှိရတယ်။ ခုရက်ပိုင်းထဲဈေးကွက်အတွင်းမှာ တရုတ်ပြည်ရဲ့လိုအပ်ချက်အရ တရုတ်ဝယ်လက်တွေ သွက်သွက်လက်လက်နဲ့ ဝယ်ယူမှုတွေရှိနေတာကြောင့် အရောင်းအဝယ်တွေကောင်းနေပါတယ်။ ဂျပန်နှမ်းဖြူကလည်း ဈေးကွက်အတွင်းမှာ အရောင်းအဝယ်တွေကောင်းနေတာလည်းတွေ့ရတယ်။ နှမ်းသီးနှံတွေက ဒီနှစ်အရောင်း အဝယ်ကောင်းတယ်။ ထွက်သမျှနှမ်းရဲ့ ၉၅ ရာခိုင်နှုန်းက ပြည်ပကို ပို့ကုန်အနေနဲ့ပို့တယ်။ အဓိကအနေနဲ့ တရုတ်ဈေးကွက်ကို ပို့ဆောင်ရောင်းချနေရတယ်။ မကြာခင်ကာလမှာလည်း နေပြည်တော်၊ တပ်ကုန်းနယ်တွေ ကလည်းထွက်ရှိလာတော့မှာပါ”ဟု ၎င်းကပြောသည်။

မြန်မာ့ထွက်ကုန်ဖြစ်သော နှမ်းသီးနှံကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် အဓိကထားကာ အများဆုံးစိုက်ပျိုးကြကြောင်း၊ မကွေးတိုင်းဒေသကြီးတွင် မြန်မာပြည်၏ ဆီအိုးကြီးဟုခေါ်ဆိုရသည်အထိ အများဆုံးစိုက်ပျိုးကြကြောင်း၊ နှမ်းနက်ကို သီးထပ်အဖြစ် ရာသီမရွေးစိုက်ပျိုးနိုင်ပြီး ရက် ၁၀၀ အတွင်းပေါ်ထွက်လေ့ရှိသော သီးနှံဖြစ်သည့်အပြင် ရောင်းချရာတွင်လည်း အခက်အခဲမရှိသော မြန်မာ့ထွက်ကုန်တစ်ခုဖြစ်ကြောင်း သိရသည်။ Source: မြန်မာ့အလင်းသတင်းစာ

### မတ်ပဲဈေးပြန်တက်လာ

ဇွန်လ ဒုတိယပတ်အထိ မတ်ပဲဈေးနှုန်းများ တရိပ်ရိပ်တက်လာနေရာမှ တတိယပတ်အတွင်း တစ်တင်းလျှင် ကျပ်တစ်သိန်း တစ်သောင်းအောက်သို့ကျဆင်းကာ နေ့စဉ်ဈေးနှုန်းအကျဖြင့် ဆက်လက်ရပ်တည်နေခဲ့ပြီး ယခု ဇွန်လကုန်ရက်ပိုင်းအတွင်း ဈေးအနည်းငယ်ပြန်တက်လာနေကြောင်း တွေ့ရသည်။

တစ်ပတ်အတွင်းဖြစ်ပေါ်ခဲ့သော မတ်ပဲဈေးနှုန်းများမှာ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဇွန်လ ၂၁ ရက် နေ့တွင် တစ်တင်းလျှင် ကျပ် ၁၁၀,၇၀၀၊ ၂၄ ရက်နေ့တွင် ကျပ် ၁၀၉,၀၀၀၊ ၂၅ ရက်နေ့ တွင် ကျပ် ၁၀၇,၀၀၀၊ ၂၆ ရက်နေ့တွင် ကျပ် ၁၀၈,၅၀၀၊ ၂၇ ရက်နေ့တွင် ကျပ် ၁၀၉,၂၀၀ အသီးသီးဖြစ်ခဲ့သည်။

အဓိကဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံတွင် အစိုးရက ပဲမျိုးစုံသိုလှောင်မှု ကန့်သတ်ချက်များကို ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့အထိ သတ်မှတ်ထားရှိလိုက်သဖြင့် မတ်ပဲနှင့် ပဲစင်းငုံတို့၏ အိန္ဒိယပြည်တွင်း ဈေးနှုန်းများကျဆင်းလာပြီးနောက် မြန်မာမတ်ပဲဈေးကွက်တွင်လည်း ဈေးကျဆင်းလာကြောင်းတွေ့ရှိရသည်။

ယခုအခါ ပဲဈေးအကျတွင် အဝယ်လိုက်လာခြင်း၊ ပဲလက်ဝယ်ရှိသူများက ဈေးအကျတွင် အရောင်းပမာဏကို ထိန်းသိမ်း၍ ရောင်းဝယ်နေခြင်းတို့ကြောင့် မတ်ပဲဈေးပြန်တက်လာနေပြီး ယခုနှုန်းအတိုင်း ဈေးဆက် တက်လာပါက ယခင်ရရှိခဲ့သော ဈေးနှုန်းအခြေအနေကိုပြန်လည်ရောက်ရှိလာနိုင်ကြောင်း ပဲရောင်းဝယ်ရေးကုန်သည်လုပ်ငန်းရှင်များထံမှ သိရသည်။
ရောကုန်သွယ်မြင့်

Source: https://myantrade.gov.mm/article/ayeyar_28062024_1211

## နိုင်ငံတကာဈေးကွက်

### အိန္ဒိယဝန်ကြီးများ ကော်မတီအစည်းအဝေးတွင် ဘာစမာတီမဟုတ်သော ဆန်များတင်ပို့မှုအပေါ် အနိမ့်ဆုံးပို့ကုန်ဈေးနှုန်း တစ်တန်လျှင် ကန်ဒေါ်လာ ၅၀၀ သတ်မှတ်ဆုံးဖြတ်သွားဖွယ်ရှိ

အိန္ဒိယနိုင်ငံ ပြည်ထဲရေးဝန်ကြီး Amit Shah ဦးဆောင်သော ဝန်ကြီးများ ကော်မတီအစည်းအဝေးမှ ယခုသီတင်းပတ်အတွင်း ဘာစမာတီမဟုတ်သော ဆန်များတင်ပို့မှုအပေါ်ထားရှိမည့် အနိမ့်ဆုံးပို့ကုန်ဈေးနှုန်းအား တစ်တန်လျှင် ကန်ဒေါ်လာ ၅၀၀ သတ်မှတ်ဆုံးဖြတ်သွားဖွယ်ရှိကြောင်း သိရသည်။ တစ်ဖက်တွင် ဘာစမာတီဆန်အပေါ် သတ်မှတ်ထားသည့် လက်ရှိ အနိမ့်ဆုံးပို့ကုန်ဈေးနှုန်း တစ်တန်လျှင် ကန်ဒေါ်လာ ၉၅၀ ကို လျှော့ချသတ်မှတ်ပေးရန်တင်ပြထားသည့်ကိစ္စကိုမူ အချိန်ရွှေ့ဆိုင်းထားဖွယ်ရှိကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၈ ရက်ကဖော်ပြသည်။

အိန္ဒိယစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် လွန်ခဲ့သောသီတင်းပတ်က ပို့ကုန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ကာ ၎င်းတို့၏ အခက်အခဲများကို နားထောင်ခဲ့ကြောင်း၊ အချို့သော အဆိုပြုတင်ပြချက်များကို ဝန်ကြီးများအစည်းအဝေး၌ စဉ်းစားပေးရန် ဆုံးဖြတ်ခဲ့ကြောင်း တရားဝင်သတင်းရင်းမြစ်များက ဖော်ပြသည်။

သို့သော်ဆန်ပို့ကုန်ခွန်နှင့်ပတ်သက်၍ ၎င်းတို့တောင်းဆိုထားသည့်အချက်မှာ လက်ရှိသတ်မှတ်ထားသော ၂၀ ရာခိုင်နှုန်း အခွန်အစား တစ်တန်လျှင် ကန်ဒေါ်လာ ၉၀ နှုန်းပုံသေသတ်မှတ်ပေးဖို့ဖြစ်ကြောင်း၊ အစိုးရက အနိမ့်ဆုံးပို့ကုန်ဈေးနှုန်း (MEP) ကို တစ်တန်လျှင် ကန်ဒေါ်လာ ၅၀၀ နှုန်းသတ်မှတ်ပေးရန်စဉ်းစားပြီး ပို့ကုန်ခွန်ကို တစ်တန်လျှင် ကန်ဒေါ်လာ ၁၀၀ သတ်မှတ်ရန် ဆုံးဖြတ်ခဲ့ဖွယ်ရှိကြောင်း ကုန်သည်အသိုင်းအဝိုင်းက ပြောကြားခဲ့သည်။

အဆိုပါ ပုံသေခွန်ကို အကောက်ခွန်လွတ်တင်ပို့ခွင့်ပြုခဲ့သော ပေါင်းဆန်နှင့် အမျိုးသားသမဝါယမပို့ကုန်လီမိတက် (National Cooperative Exports Limited-NCEL) မှတစ်ဆင့်တင်ပို့သော ဆန်ဖြူ(အကြမ်း) နှစ်ရပ်စလုံးအပေါ် စည်းကြပ်သွားမည်ဟု သိရသည်။

ကုန်သည်အသိုင်းအဝိုင်းမှ တောင်းဆိုထားသော ဘာစမာတီဆန်၏ MEP အား တစ်တန်လျှင် ကန်ဒေါ်လာ ၈၀၀ မှ ၈၅၀ အတွင်း လျှော့ချသတ်မှတ်ပေးရန် တောင်းဆိုထားသည့်အချက်ကိုမူ လတ်တလောဆိုင်းငံ့ထားဖွယ်ရှိကြောင်း သတင်းရင်းမြစ်များက ပြောကြားသည်။

ဘာစမာတီဆန်၏ ပျမ်းမျှပို့ကုန်ဈေးနှုန်းမှာ ယခုနှစ် ဧပြီလက တစ်တန်လျှင် ကန်ဒေါ်လာ ၁၀၇၀ ရှိခဲ့ရာမှ မေလတွင် ကန်ဒေါ်လာ ၁၀၈၀ သို့တိုးမြင့်လာကြောင်း ပို့ကုန်အချက်အလက်များအရ သိရသည်။ ဘာစမာတီ မဟုတ်သော ဆန်ဖြူ၏ ပျမ်းမျှပို့ကုန်ဈေးနှုန်းမှာယခုနှစ်ဧပြီလက တစ်တန်လျှင်ကန်ဒေါ်လာ ၄၇၆ ခန့်ရှိခဲ့ရာမှ မေလတွင် ကန်ဒေါ်လာ ၄၇၄ သို့ ကျဆင်းခဲ့ကြောင်း သိရသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၏ ပထမ ၂ လအတွင်း အိန္ဒိယနိုင်ငံမှပြည်ပသို့ ဘာစမာတီဆန်တင်ပို့မှုတန်ချိန် သုည ဒသမ ၉၇ သန်းရှိပြီး ယခင်နှစ် ကာလတူက တန်ချိန် သုည ဒသမ ၈၃ သန်းသာ တင်ပို့ခဲ့သည့်အတွက် ၁၇ ရာခိုင်နှုန်းတိုးမြင့်လာခဲ့ကြောင်း သိရသည်။

သို့သော် ဘာစမာတီမဟုတ်သော ဆန်များတင်ပို့မှုမှာမူ ယခင်နှစ်က တန်ချိန် ၂ ဒသမ ၈၅ သန်း တင်ပို့ခဲ့ရာမှ ယခုနှစ်တွင် တန်ချိန် ၁ ဒသမ ၉၄ သန်း တင်ပို့ခဲ့သည့်အတွက် ကျဆင်းခဲ့ကြောင်း သိရသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံ၏ ဘာစမာတီမဟုတ်သော ဆန်ဖြူတင်ပို့မှုအပေါ် အစိုးရအနေဖြင့် မူဝါဒဖြေလျှော့သတ်မှတ်သွားဖွယ်ရှိကြောင်း ကုန်သည်အသိုင်းအဝိုင်းမှ တရားဝင်သတင်းရင်းမြစ်များကို ကိုးကား၍ ခန့်မှန်းထားရှိချက်အား သိရသည်။

ရည်ညွှန်း။ The Hindu Businessline, Minister's panel seen fixing a floor price of $ 500/tonne on non-Basmati rice exports, July 8, 2024

Source: (ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကော်လ်ကတ္တားမြို့)

### ဗီယက်နမ်နိုင်ငံသည် ပထမ ၅ လအတွင်း ဆန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံ စံချိန်တင်ရရှိ

ဗီယက်နမ်နိုင်ငံသည် ၂၀၂၄ ခုနှစ် ပထမငါးလအတွင်း ဆန်တန်ချိန် ၄ ဒသမ ၂ သန်းနီးပါး တင်ပို့ခဲ့ပြီး တန်ဖိုးအားဖြင့်ခန့်မှန်းခြေအမေရိကန်ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံခန့်ရှိကြောင်း ဗီယက်နမ်နိုင်ငံ စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ စာရင်းများအရသိရသည်။

ပို့ကုန်ဈေးသည် ပျမ်းမျှအားဖြင့် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၅၃ ဒသမ ၉ သို့ရောက်ရှိပြီး တစ်နှစ်ထက်တစ်နှစ် ၂၃ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်းသိရသည်။

အိန္ဒိယနိုင်ငံ၏ ဘာစမာတီမဟုတ်သော ဆန်ဖြူတင်ပို့မှုကို ပိတ်ပင်လိုက်ခြင်းကြောင့် ကမ္ဘာ့ဈေးကွက်တွင် ဗီယက်နမ် ဆန်ဝယ်လိုအားတိုးလာခဲ့ခြင်းဖြစ်ကြောင်း ဗီယက်နမ်စားနပ်ရိက္ခာအဖွဲ့ (VFA) ၏ အဆိုအရ သိရသည်။

သို့ရာတွင် ဗီယက်နမ်ဆန်တင်ပို့မှု ဈေးနှုန်းမှာ တစ်တန်လျှင် ၅ ဒေါ်လာမှ ၈ ဒေါ်လာအထိ ကျဆင်းခဲ့ကြောင်း VFA မှ သိရသည်။ ဗီယက်နမ်ဆန်ကွဲ ၅ ရာခိုင်နှုန်း ပါဝင်မှုသည် တစ်တန်လျှင် ၈ ဒေါ်လာမှ ၅၇၄ ဒေါ်လာ အထိ ကျဆင်းခဲ့ပြီး ဗီယက်နမ်ဆန်ကွဲ ၂၅ ရာခိုင်နှုန်းပါဝင်မှုမှာ တစ်တန်လျှင် ၅ ဒေါ်လာမှ ၅၅၂ ဒေါ်လာအထိ လျော့ကျခဲ့သည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ဆန်တင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၅ ဘီလီယံ ရရှိရန် ရည်မှန်းထားကြောင်းနှင့် ၂၀၂၃ ခုနှစ်ထက် အမေရိကန်ဒေါ်လာ သန်း ၃၀၀ ခန့် ပိုများကြောင်း ဖော်ပြထားသည်။

Source : Vietnam Economy ,  (စီးပွားရေးသံမှူးဗီယက်နမ်)

Source :https://myantrade.gov.mm/article/Naypyitawstp_100620240115

## ပြည်တွင်းမှထွက်ရှိသည့်ဆန်များကို အမေရိကန်ဈေးကွက်သို့ တိုးမြှင့်ပို့ဆောင်နိုင်ရန် ကမ္ဘောဒီးယားနိုင်ငံကြိုးပမ်း

ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Cham Nimul သည် ပြည်တွင်းမှ ဆန်တင်ပို့သူများကို အမေရိကန်ဈေးကွက်ရှာဖွေရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။ ဝန်ကြီးသည် အမေရိကန်နိုင်ငံ Otis Mcallister ကုမ္ပဏီမှ ကမ္ဘာလုံး ဆန်နှင့်ကောက်ပဲသီးနှံ ရင်းမြစ်ရှာဖွေရေး ဒုတိယဥက္ကဋ္ဌ Patrick Murphy၊ ကမ္ဘောဒီးယားနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများနှင့်အတူပြုလုပ်သည့် ကမ္ဘောဒီးယားမှ ဆန်များကို အမေရိကန်ဈေးကွက်သို့ ပိုမိုပို့ဆောင်နိုင်မည့် ဖြစ်နိုင်ချေများကို ဆွေးနွေးသည့် အစည်းအဝေးတွင် ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ Murphy သည် ကမ္ဘောဒီးယားနိုင်ငံ၏ အလုံးစုံတိုးတက်လာမှုအပေါ် စိတ်ကျေနပ်မှုပြသခဲ့ကြောင်းနှင့် ကမ္ဘောဒီးယားနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍနှင့် အရည်အသွေးကောင်းမွန်သည့် ဆန်ထုတ်ကုန်များကို ချီးမွမ်းခဲ့ကြောင်း သိရသည်။

ထို့ပြင်ဝန်ကြီးသည် ကမ္ဘောဒီးယားနိုင်ငံဆန်စပါးအသင်းချုပ်၏အဖွဲ့ဝင် ဆန်တင်ပို့သည့်ကုမ္ပဏီ ၁၆ ခုကိုကမ္ဘောဒီးယား ဆန်များ အမေရိကန်နိုင်ငံသို့ မကြာခင်တင်ပို့နိုင်ရန်အတွက် သဘောတူညီမှုရရှိရန် Otis Mcallister ကုမ္ပဏီနှင့် တိုက်ရိုက်ထုတ်လုပ်ရန်တွန်းအားပေးခဲ့ကြောင်းသိရသည်။ ကမ္ဘောဒီးယားနိုင်ငံဆန်စပါးအသင်းချုပ်၏အထွေထွေအတွင်းရေးမှူး Lun Yeng က ဒုတိယဝန်ကြီးချုပ် Sun Changthol ဦးဆောင်သည့် ကမ္ဘောဒီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကောင်စီနှင့် Otis Mcallister ကုမ္ပဏီအကြား အခြားအစည်းအဝေးတစ်ခုပြုလုပ်ခဲ့ကြောင်း၊ Otis Mcallister ကုမ္ပဏီအနေဖြင့် အမေရိကန်ဈေးကွက်သို့ဝယ်ယူရန် သဘောမတူမီ ဆန်စက်များ၏ ထုတ်လုပ်မှုအဆင့်အတန်းကို စစ်ဆေးရန်လိုအပ်ကြောင်း၊ အသင်းချုပ်တွင် အမေရိကန်ဈေးကွက် အဆင့်အတန်းမီသည့် ကုမ္ပဏီနှစ်ခုရှိကြောင်း ပြောကြားခဲ့သည်။

Yeng ၏ အဆိုအရ ကမ္ဘောဒီးယားနိုင်ငံသည် အမေရိကန်နိုင်ငံကို တစ်နှစ်လျှင် တန် ၂၀၀၀ မှ ၃၀၀၀ ပမာဏဖြင့် နည်းပါးလှသည့်ပမာဏကိုသာ တင်ပို့လျက်ရှိကြောင်း သိရသည်။ သို့သော် Otis Mcallister ကုမ္ပဏီမှ ကမ္ဘောဒီးယားဆန်များကို ဝယ်ယူရန် သဘောတူပါက တစ်နှစ်လျှင် တန် ၅၀၀၀ မှ ၂၀၀၀၀ ထိ မြင့်တက်နိုင်ကြောင်း သိရသည်။ ယခုနှစ်၏ ပထမလေးလတွင် ကမ္ဘောဒီးယားနိုင်ငံသည် အမေရိကန်ဒေါ်လာ ၁၇၀ ဒသမ ၂ သန်း တန်ဖိုးရှိသည့် ဆန်တန်ချိန် ၂၄၈,၄၉၁ တန်ကို ပြည်ပသို့တင်ပို့ခဲ့ကြောင်း သိရသည်။ နှစ်စဉ်နှစ်တိုင်း ကမ္ဘောဒီးယားနိုင်ငံသည် ပြည်တွင်းလိုအပ်မှုထက် ၅၀ ရာခိုင်နှုန်းပိုသည့် ဆန်တန်ချိန် ၇ သန်း ထုတ်လုပ်လျက် ရှိကြောင်း သိရသည်။ Source: Khmer Times,  Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_12062024_1224

## အင်ဒိုနီးရှားစိုက်ပျိုးရေးဝန်ကြီးဌာနသည် နိုင်ငံ၏ဆန်စပါးအထွက်တိုးရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

အင်ဒိုနီးရှားနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာန၏ စိုက်ပျိုးမှုတိုးချဲ့ရေးနှင့်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (BPPSDMP) အကြီးအကဲ Dedi Nursyamsi က ၂၀၂၃ ခုနှစ်၏ ရှည်လျားလှသော ခြောက်သွေ့သော ရာသီဥတုအခြေအနေများကြောင့် ဆန်ထုတ်လုပ်မှုလျော့ကျသွားကြောင်း ဇွန်လ ၆ ရက်နေ့က ထောက်ပြခဲ့သည်။

၂၀၂၂ ခုနှစ်က ဆန်တန်ချိန် ၃၁ ဒသမ ၅ သန်းထုတ်လုပ်နိုင်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင်ဆန်တန်ချိန် ၃၀ ဒသမ ၂ သန်းသာ ထုတ်လုပ်နိုင်ခဲ့သည်ဟု သိရသည်။ Nursyamsi ၏ အဆိုအရ ပြည်တွင်းဆန်လိုအပ်ချက်မှာ တစ်လလျှင် ၂ ဒသမ ၆ သန်း ထုတ်လုပ်နိုင်ရမည်ဖြစ်ပြီး စိုက်ပျိုးရေးဧရိယာ ဟက်တာတစ်သန်းခန့် လိုအပ်လျက်ရှိကြောင်းသိရသည်။ စိုက်ပျိုးရေးဝန်ကြီးဌာန၏ မှတ်တမ်းများအရ ၂၀၂၄ ခုနှစ် မတ်လနှင့်ဧပြီလအတွင်း အင်ဒိုနီးရှားနိုင်ငံ၏ စိုက်ပျိုးရေးဧရိယာများသည် ဟက်တာ ၈ သိန်း မှ ၉ သိန်းဝန်းကျင်တွင်သာရှိခဲ့သည်။

စိုက်ပျိုးမြေများတိုးမြင့်လာစေရန်အတွက် ဝန်ကြီးဌာနသည် လယ်သမားများ၊ စိုက်ပျိုးရေးတိုးချဲ့လုပ်သားများနှင့် အင်ဒိုနီးရှားကာကွယ်ရေးတပ်ဖွဲ့ (TNI)၏ အရာရှိများအား သင်တန်းပေးနေသည်ဟု Nursyamsi မှ ပြောကြားခဲ့သည်။ အဆိုပါ သင်တန်း၌ စပါးစိုက်ခင်းများတွင်စိမ့်မြေများ ကောင်းမွန်အောင်ပြုလုပ်ခြင်း၊ စပါးစိုက်ခင်းမှရေများအား စနစ်တကျစုပ်ယူခြင်းနှင့် စပါးစိုက်ပျိုးရန်စိုက်ခင်းမြေများကို စနစ်တကျအသုံးပြုခြင်း စသည်ဖြင့် စပါးအထွက်တိုးခြင်းဆိုင်ရာ အသိပညာပေးခြင်းဆိုင်ရာကိစ္စရပ်များကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Source: Antaranews,

Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_12062024_1220

## အနိမ့်ဆုံးပို့ကုန်ဈေးနှုန်းသတ်မှတ်ရေးနှင့်စပ်လျဉ်းပြီး ဗီယက်နမ်ဆန်တင်ပို့သူများအကြား သဘောထားကွဲပြား

အင်ဒိုနီးရှားအစိုးရ၏ ထောက်ပံ့ရယ်ယူပို့ဆောင်ရေးအဖွဲ့ထံသို့ အမေရိကန်ဒေါ်လာ ၅၅ သန်း တန်ဖိုးရှိ ဆန်တန်ချိန်တစ်သိန်းတင်သွင်းရန် လေလံအောင်မြင်ပြီးနောက် ဗီယက်နမ်ဆန်တင်ပို့သူများအကြား ဈေးနှုန်းအပြိုင်လျှော့ချခြင်းများ မဖြစ်ပွားစေရန် အနိမ့်ဆုံးပို့ကုန်ဈေးသတ်မှတ်သင့်ကြောင်း ဆန်လုပ်ငန်းရှင်များ၏ ပြောကြားချက်ကို Vietnam News Agency တွင် ဖော်ပြထားသည်။ လေလံဆွဲသူများအကြား Lộc Trời အုပ်စုက ကြမ်းခင်းဈေးတစ်တန်လျှင် ကန်ဒေါ်လာ ၅၇၉ ထက်လျှော့၍ ကန်ဒေါ်လာ ၅၆၃ ဖြင့် အနိမ့်ဆုံးဈေးတင်ပြခဲ့ပြီး ဗီယက်နမ်စားသောက်ကုန်အသင်းက သတ်မှတ်သည့် ပြည်တွင်းပေါက်ဈေးထက် ကန်ဒေါ်လာ ၂၄ လျှော့နည်းခဲ့သည်။

ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်တစ်ဦးက ဗီယက်နမ်စားသောက်ကုန်အသင်းအနေဖြင့် ဆန်ပို့ကုန်အပေါ် အနိမ့်ဆုံးဈေးသတ်မှတ်သင့်ကြောင်း၊ သို့မှသာ ဆန်ပို့ကုန်လုပ်ငန်းရှင်များ၏ ဈေးနှုန်းလျှော့ချတင်ပို့မှုကို တားဆီးနိုင်မည်ဖြစ်ကြောင်း၊ ဗီယက်နမ်ဆန်တင်ပို့သူများအကြား မြောက်ပိုင်းစားသောက်ကုန်ကော်ပိုရေးရှင်းနှင့် တောင်ပိုင်းစားသောက်ကုန်ကော်ပိုရေးရှင်းဟူ၍ နှစ်ပိုင်းကွဲနေရာ စည်းလုံးညီညွတ်မှုလိုအပ်ကြောင်း၊ အနိမ့်ဆုံးဈေးသတ်မှတ်ပြီးပါက အဝယ်အမှာစာများကို ခွဲဝေနိုင်ကြောင်း၊ လုပ်ငန်းရှင်တစ်ဦးချင်းအလိုက် ဈေးနည်းသော စာချုပ်အများအပြား ချုပ်ဆိုနိုင်ခြင်းသည် အသုံးမဝင်ဘဲ ပို့ကုန်လုပ်ငန်းရှင်များနှင့် လယ်သမားများအတွက် ရေရှည်တွင် အရှုံးဖြစ်ပေါ်နိုင်ကြောင်း ပြောကြားခဲ့သည်။

အချို့လုပ်ငန်းရှင်များကမူ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ဝယ်လက်နှင့် လွတ်လပ်စွာဈေးနှုန်းညှိနှိုင်းသင့်ကြောင်း၊ ဆန်ကို အမြင့်ဈေးဖြင့်ရောင်းချလိုကြသော်လည်း တင်းကြပ်သောစည်းမျဉ်းများ ချမှတ်ခြင်းက အရောင်းအဝယ်မဖြစ်စေနိုင်ကြောင်း၊ လွတ်လပ်သောဈေးကွက်တွင် ပို့ကုန်လုပ်ငန်းရှင်များက မျှတပြီး အကျိုးအမြတ်ရှိမှုကို ချိန်ညှိရန်လိုကြောင်း၊ အနိမ့်ဆုံးဈေးသတ်မှတ်ခြင်းကြောင့် ဆိုးဝါးသော အခြေအနေသာဖြစ်လာနိုင်ကြောင်း ပြောကြားကြသည်။

မကြာသေးမီက Cần Thơ မြို့၌ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Phan Thị Thắng နှင့် ဆန်လုပ်ငန်းရှင်များတွေ့ဆုံရာတွင် ဒုတိယဝန်ကြီးက အစိုးရအနေဖြင့် အရှေ့တောင်အာရှဆန်လုပ်ငန်းဆိုင်ရာ စည်းမျဉ်းများ တိုးတက်ရေးဆောင်ရွက်နေကြောင်း၊ ဆန်လုပ်ငန်းရှင်များက ကမ္ဘာ့ဆန်ဈေးကွက် အခြေအနေများကို စောင့်ကြည့်လေ့လာပြီး စာချုပ်မချုပ်ဆိုမီ တင်ပို့သူများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု မြင့်တင်ရန်၊ မမျှတသော ယှဉ်ပြိုင်မှု၊ ဈေးကွက်အငြင်းပွားမှုနှင့် စာချုပ်ချိုးဖောက်မှုများမဖြစ်စေရန် ဝယ်လက် အခြေအနေကို နားလည်ရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

Lộc Trời အုပ်စုမှ အင်ဒိုနီးရှားနှင့်ချုပ်ဆိုခဲ့သော စာချုပ်ကို ပြီးခဲ့သည့်သီတင်းပတ်က ကြေညာခဲ့ရာတွင် စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ပို့ကုန်/သွင်းကုန်ဌာနက ဈေးနှုန်းလျှော့ချတင်ပို့မှုနှင့် စပ်လျဉ်း၍ အစီရင်ခံစာတင်ပြရန် ဗီယက်နမ်စားသောက်ကုန်အသင်းနှင့် အဖွဲ့ဝင်များအားလမ်းညွှန်ခဲ့သည်။ ပြည်တွင်း ဆန်ဈေးကွက်အား အကာအကွယ်ပေးရန်၊ ပို့ကုန်တင်ပို့မှု ထိရောက်စေရန်၊ ကမ္ဘာ့ဈေးကွက်တွင် ဗီယက်နမ်ဆန်၏ ကျော်ကြားမှုကို ထိန်းသိမ်းရန် ဗီယက်နမ် စားသောက်ကုန်အသင်းအား မှာကြားထားသည်။

Lộc Trời အုပ်စုမှ တာဝန်ရှိသူတစ်ဦးက ၎င်းတို့၏လေလံဈေးကို ပို့ကုန်လုပ်ငန်းရှင်များ၊ လယ်သမားများ၊ ဈေးကွက်တို့နှစ်ဖက်အကျိုးအမြတ်ရရှိရန်နှင့် ဗီယက်နမ်လယ်ယာထွက်ကုန်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စဉ်းစားဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဗီယက်နမ်စားသောက်ကုန်အသင်းမှ တာဝန်ရှိသူတစ်ဦးက အင်ဒိုနီးရှားသည် ပြီးခဲ့သည့်နှစ်များကစ၍ တင်ဒါအသေးများခွဲ၍ အဝယ်အမှာစာများကို နိုင်ငံပေါင်းစုံမှ ဈေးနှုန်းချိုသာစွာဖြင့် ယှဉ်ပြိုင်နိုင်ရန်ဆောင်ရွက်ခဲ့ကြောင်း၊ မူအရ အနိမ့်ဆုံးဈေးပေးသူက တင်ဒါအောင်မြင်သည်ဖြစ်သော်လည်း အင်ဒိုနီးရှားက အနိမ့်ဆုံးဈေးပေးသည့် ကုမ္ပဏီ ၃ ခုကို ရွေးချယ်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် ဗီယက်နမ်ဆန် ဒုတိယအများဆုံးတင်ပို့သည့်နိုင်ငံဖြစ်ပြီး ပြီးခဲ့သည့်နှစ်က ဆန်တန်ချိန် ၁ ဒသမ ၂ သန်း (ဗီယက်နမ် ဆန်တင်ပို့မှုစုစုပေါင်း၏ ၁၄ ဒသမ ၅ ရာခိုင်နှုန်း) တင်ပို့ခဲ့သည်။ ၂၀၂၄ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံသည် မူလရည်မှန်းချက် ဆန်တန်ချိန် ၁ ဒသမ ၆ သန်း တင်သွင်းရန် ရည်ရွယ်ထားသော်လည်း နောက်ဆုံးတွင် ဆန်တန်ချိန် ၃ ဒသမ ၆ သန်း တင်သွင်းမည်ဟု သိရသည်။

Source: Vietnam News Agency,

Source: ကုန်သွယ်ရေးဦးစီးဌာန၊ WTO ဌာနခွဲ

Source: https://myantrade.gov.mm/article/naypyitaw_20062024_1040

## ထိုင်းနိုင်ငံ၏ယခင်အစိုးရလက်ထက်ကသိုလှောင်သိမ်းဆည်းထားခဲ့သည့်ဆန်ဟောင်းများအားလေလံတင်ရောင်းချခဲ့

ထိုင်းနိုင်ငံ၏ ယခင်အစိုးရလက်ထက်က သိုလှောင်သိမ်းဆည်းထားခဲ့သည့် ဆန်ဟောင်းများအား လေလံတင် ရောင်းချရာတွင် V8 Intertrading Co Ltd မှ တစ်တန်လျှင် ၁၉,၀၇၀ ဘတ်ဖြင့် တန်ချိန် ၁၅,၀၀၀ အတွက် လေလံအောင်မြင်ခဲ့ကြောင်း သိရသည်။

နိုင်ငံအတွက် ဘတ် ၂၈၆ သန်း ရရှိမည်ဖြစ်၍ ရလဒ်သည် အထင်ကြီးအံ့သြဖွယ်ဖြစ်ကြောင်း၊ လေလံတင်ရောင်းချမှုကြောင့် လာမည့်နိုဝင်ဘာလ သီးနှံရာသီအတွက် အနှောင့်အယှက် တစ်စုံတစ်ရာမဖြစ်ပွားနိုင်ကြောင်း၊ ဆန်များကို သိုလှောင်ရုံအတွင်း အချိန်ကြာမြင့်စွာ သိမ်းဆည်းထားသော်လည်း အရည်အသွေးကောင်းမွန်နေဆဲ ဖြစ်ကြောင်း သေချာစေသည့် အစိုးရ၏ ဆန်သိုလှောင်သိမ်းဆည်းမှု အစီအမံများကို လေလံတင်သူက ယုံကြည်ကြောင်းကို လေလံဈေးနှုန်းက ဖော်ပြနေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Phumtham Wechayachai က ပြောကြားခဲ့သည်။

V8 Intertrading Co Ltd က Poolphol သိုလှောင်ရုံမှ ဆန်များအတွက် လေလံဈေးနှုန်းကို ဘတ် ၆၄ သန်းနှင့် Kittichai သိုလှောင်ရုံမှ ဆန်များအတွက် လေလံဈေးနှုန်းကို ဘတ် ၂၂၂ သန်း အဆိုပြုခဲ့ကြောင်း၊ တစ်တန်လျှင် ၁၉,၀၇၀ ဘတ် (တစ် ကီလိုဂရမ်လျှင် ၁၉ ဒသမ ၀၇၀ ဘတ်) ဖြစ်ကြောင်း၊ ရလဒ်ကို ကြေညာပြီးနောက် V8 Intertrading Co Ltd သည် ဝယ်ယူရေးစာချုပ်ကို Public Warehouse Organization နှင့် ချုပ်ဆိုရန် ရက် ၃၀ ရကြောင်း၊ ယင်းနောက် ကုမ္ပဏီအနေဖြင့် အရောင်းအတွက် သတ်မှတ်ထားသည့်အရည်အသွေးများ ပြည့်မီစေရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ ရောင်းချရန် ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနနှင့် အစား အသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့၏ အတည်ပြုချက်ကိုလည်းကောင်း၊ ပို့ကုန်အတွက် နိုင်ငံခြား ကုန်သွယ်မှုဦးစီးဌာန၏ အတည်ပြုချက်များရယူရန် လိုအပ်မည်ဖြစ်ကြောင်း ဝန်ကြီး Mr. Phumtham က ဖြည့် စွက်ပြောကြားခဲ့သည်။

Source: www.bangkokpost.com,

သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။

Source: https://myantrade.gov.mm/article/Naypyitawstp_210620241210

## အိန္ဒိယတွင် စားတော်ပဲတင်သွင်းသူများက ရောင်းချရန်ငြင်းဆိုခြင်းကြောင့် ဈေးကွက်အတွင်း သိုလှောင်ထားရှိမှု အခြေအနေဖော်ပြရမည့်စည်းမျဉ်းများအား တင်းကျပ်ထား

အိန္ဒိယနိုင်ငံတွင် စားတော်ပဲ(Yellow Peas)တင်သွင်းသူများက ဈေးနှုန်းသက်သာသော စားတော်ပဲများ ဆက်လက် တင်သွင်းခွင့်ပြုမှုကြောင့် ပြည်တွင်းဈေးကွက်တွင် ဈေးနှုန်းများကျဆင်းနေသဖြင့် တင်သွင်းမှုများအပေါ် အခွန်ကောက်ခံရန် ဗဟိုအစိုးရကိုတောင်းဆိုထားကြောင်း၊ ထို့အတူ ဗဟိုအစိုးရကလည်း တင်သွင်းသူများအနေဖြင့် ပြည်တွင်းဈေးကွက်တွင် စားတော်ပဲအမြောက်အမြားသိုလှောင်ထားမည်ကို စိုးရိမ်သဖြင့် ပြီးခဲ့သည့်သောကြာနေ့က ပဲမျိုးစုံလုပ်ငန်းနှင့်ကုန်သည်များအား သိုလှောင်ထားရှိမှုများ အခြေအနေဖော်ပြရန် လိုအပ်ချက်များကို ပိုမိုကြပ်မတ်ခဲ့ကြောင်း၊ လုပ်ငန်းရှင်များမှတင်ပြထားသော သိုလှောင်ထားရှိမှု အခြေအနေအချက်အလက်များအပြင် ယခုအခါသိုလှောင်ရုံသို့ အဝင်/အထွက်ပမာဏများကိုလည်း တစ်ပတ်လျှင် နှစ်ကြိမ် တင်ပြရမည်ဖြစ်ကြောင်း သိရသည်။

ဗဟိုအစိုးရမှ အကြီးတန်းအရာရှိများသည် ပဲမျိုးစုံလုပ်ငန်းမှ သက်ဆိုင်သူများနှင့်တွေ့ဆုံခဲ့ကြောင်း၊ ကုလားပဲ ထွက်ရှိမှုသည် အစိုးရနှင့်ကုန်သည်များက ခန့်မှန်းထားသည်ထက် များစွာလျော့နည်းမည်ဟု မျှော်လင့်ထားသောကြောင့် ဗဟိုအစိုးရက စားတော်ပဲတင်သွင်းခွင့်ပြုသည့် နောက်ဆုံးရက်ကို အောက်တိုဘာလ ၃၁ ရက် အထိ ၄ ကြိမ်တိုင်အောင် တိုးမြှင့်ပေးထားကြောင်း၊ မတ်လ ၃၁ ရက်အား ပထမအကြိမ်တင်သွင်းရန် နောက်ဆုံးရက်အဖြစ် သတ်မှတ်ထားသည့်အတွက် စားတော်ပဲ တင်သွင်းသူများက ဈေးနှုန်းအမြင့်ဖြင့် အလျင်အမြန် ဝယ်ယူခဲ့ကြရကြောင်း၊ သို့ရာတွင် ဝယ်ယူခွင့်အား အောက်တိုဘာလ ၃၁

ရက်အထိ သက်တမ်းတိုးပေးခဲ့ကြောင်း၊ ထို့ကြောင့် ပဲတင်သွင်းသူများက ၎င်းတို့တင်သွင်းထားသည့်ဈေးနှုန်းသည် လက်ရှိပြည်တွင်းပေါက်ဈေးနှုန်းထက်မြင့်မားနေသဖြင့်ရောင်းချရန်အဆင်ပြေမှုမရှိကြောင်း အစိုးရကိုတင်ပြခဲ့သည်ဟု ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့်ကုန်သည်လုပ်ငန်းရှင်များ၏ ပြောကြားချက်အရသိရသည်။

နိုင်ငံတကာဈေးကွက်တွင် အထူးသဖြင့် ရုရှား၌ စားတော်ပဲအားပေါများစွာရရှိနိုင်ကြောင်း၊ အီးယူသည် ရုရှားကောက်ပဲသီးနှံများအပေါ် တင်သွင်းခွန်စည်းကြပ်ထားသောကြောင့် လက်ရှိတွင် အိန္ဒိယသည် ရုရှားစားတော်ပဲအတွက် အဓိကဝယ်လက်ဖြစ်နေကြောင်း ကုန်သည်သတင်းရင်းမြစ်များက ပြောကြားထားသည်။

အိန္ဒိယနိုင်ငံသည် မုတ်သုံမိုးရွာသွန်းမှုအပြောင်းအလဲကြောင့် ၂၀၂၃-၂၄ ရာသီချိန်တွင် ပြည်တွင်း၌ စားတော်ပဲနှင့် ကုလားပဲသီးနှံထွက်ရှိမှု ကျဆင်းခဲ့ခြင်းကြောင့် စားတော်ပဲတင်သွင်းခွင့်ကို ခွင့်ပြုပေးခဲ့ကြောင်း၊ ပဲစားသုံးမှု အများဆုံးနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံသည် စားတော်ပဲကို ကုလားပဲအစားသုံးစွဲခဲ့ကြောင်း၊ ကုန်သွယ်မှုခန့်မှန်းချက်အရ အိန္ဒိယသည် စားတော်ပဲတန်ချိန် ၁၇ သိန်းတင်သွင်းထားပြီး အောက်တိုဘာလ ၃၁ ရက်မတိုင်မီ နောက်ထပ်တန်ချိန် ၂ ဒသမ ၅ သိန်းမှ ၃ သိန်းထိ ထပ်မံရောက်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံတွင် စားတော်ပဲအား အစောပိုင်းဝယ်ယူတင်သွင်းထားသူများသည် ဈေးကြီးမိထားသဖြင့် ယခုနောက်ပိုင်းတွင် ဈေးနှုန်းသက်သာစွာဖြင့်တင်သွင်းလာမှုများအပေါ် အခွန်ကောက်ခံရန်တောင်းဆိုမှုများရှိနေမှုအခြေအနေနှင့် အစိုးရမှ စားတော်ပဲအား ကုန်သည်များကလှောင်ထားပြီး ဈေးကစားမှုများလုပ်ဆောင်မည်ကိုစိုးရိမ်သဖြင့် ထိန်းကြောင်းကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။

Source: Stock disclosure rules for yellow peas tightened as importers refuse to sell, The Economic Times, June 7, 2024., (မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_21062024_13:57

## အိန္ဒိယနိုင်ငံ၏ မေလ စားအုန်းဆီတင်သွင်းမှုသည် အပြိုင်အဆိုင်ဈေးနှုန်းများကြောင့် လေးလအတွင်း အမြင့်ဆုံးသို့ရောက်ရှိ

အိန္ဒိယနိုင်ငံ၏ စားအုန်းဆီတင်သွင်းမှုသည် လေးလအတွင်း အမြင့်ဆုံးသို့ရောက်ရှိလာခဲ့ကာ မေလတွင် ၁၁ ဒသမ ၆ ရာခိုင်နှုန်းသို့မြင့်တက်လာခဲ့သည်။ ကမ္ဘာပေါ်တွင် စားသုံးဆီအများဆုံးတင်သွင်းသော အိန္ဒိယနိုင်ငံမှ ယခုကဲ့သို့ စားအုန်းဆီများ မြင့်မားစွာဝယ်ယူတင်သွင်းမှုသည် မလေးရှားစားအုန်းဆီအနာဂတ်စံညွှန်းကို အထောက်အကူဖြစ်စေနိုင်သည်။ အိန္ဒိယနိုင်ငံ၏ စားအုန်းဆီတင်သွင်းမှုသည် ၇၆၃,၃၀၀ မက်ထရစ်တန်ထိ မြင့်တက်ခဲ့ပြီး ဇန်နဝါရီလ နောက်ပိုင်းမှအစပြု၍ အမြင့်ဆုံးဖြစ်ခဲ့ကြောင်း Solvent Extractors' Association of India (SEA) က ပြောကြားခဲ့သည်။

ပဲဆီတင်သွင်းမှုသည် ၁၆ ရာခိုင်နှုန်း (၃၂၄,၀၁၆ တန်)သို့ကျဆင်းခဲ့ပြီး နေကြာဆီတင်သွင်းမှုမှာ တန်ချိန် ၄၁၀,၇၂၇ သို့ ၇၅ ရာခိုင်နှုန်းခုန်တက်သွားကာ စုစုပေါင်းဟင်းသီးဟင်းရွက်ဆီမှာ တန်ချိန် ၁ ဒသမ ၅ သန်းသို့ ၁၆ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။

ပင်လယ်နက်ပိုင်းဒေသမှ ထောက်ပံ့မှုကျဆင်းခြင်းကြောင့် နေကြာဆီဈေးမြင့်တက်နေချိန်တွင် အာဂျင်တီးနားနှင့် ဘရာဇီးနိုင်ငံတို့တွင် ဦးဆောင်ထုတ်လုပ်သူများ ပြတ်လပ်မှုများကြောင့် မကြာသေးမီက ပဲဆီဈေးနှုန်းခုန်တက်ခဲ့ကြောင်း၊ စားအုန်းဆီဈေးနှုန်းများမှာ တည်ငြိမ်နေသဖြင့် အိန္ဒိယနိုင်ငံဝယ်လက်များအတွက် ဆွဲဆောင်မှုဖြစ်စေခဲ့ကြောင်း SEA ၏ အမှုဆောင်ဒါရိုက်တာ B.V.Meht က ပြောကြားခဲ့သည်။ စားအုန်းဆီကြမ်းတင်သွင်းမှုသည် ကုန်ကျစရိတ်၊ အာမခံနှင့် ကုန်စည်ပို့ဆောင်မှုအပါအဝင် မက်ထရစ်တစ်တန်တွင် ၉၅၁ ဒေါ်လာခန့် အိန္ဒိယနိုင်ငံသို့ကမ်းလှမ်းခဲ့ပြီး ပဲဆီတင်သွင်းမှုအတွက် တစ်တန်လျှင် ဒေါ်လာ ၁,၀၀၀ နှင့် နေကြာဆီ တင်သွင်းမှုအတွက် ၉၈၇ ဒေါ်လာခန့် အသီးသီးကမ်းလှမ်းထားကြောင်း SEA ၏အဆိုအရသိရသည်။

ပဲဆီတင်သွင်းမှုသည် နှစ်ပတ်အတွင်း တစ်တန်လျှင် ကန်ဒေါ်လာ ၆၀ ကျော်ဈေးတက်လာသောကြောင့် ဇွန်လတွင် တန်ချိန် ၃၀၀,၀၀၀ အောက်သို့ကျဆင်းသွားနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံသည် စားအုန်းဆီများအား အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ အဓိကတင်သွင်းလျက်ရှိပြီး ပဲဆီနှင့် နေကြာဆီများအား အာဂျင်တီးနား၊ ဘရာဇီးနှင့် ယူကရိန်းနိုင်ငံများသို့ အဓိကတင်ပို့လျက်ရှိကြောင်းသိရသည်။

Source: Economictimes,

Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_20062024_1054

## အိန္ဒိယတွင် ကြက်သွန်နီဝယ်လိုအားများသော်လည်း ဈေးကွက်ဝင်ရောက်မှုနည်းပါးသဖြင့် ဈေးနှုန်းများမြင့်တက်လျက်ရှိ

ကြက်သွန်နီဈေးနှုန်းများသည် Eid-al-Adha (Bakra Eid) မတိုင်မီ ဝယ်လိုအားမြင့်တက်လျက်ရှိသော်လည်း ဈေးကွက်တွင်း ကြက်သွန်နီဝင်ရောက်မှုနည်းနေသဖြင့် ပြီးခဲ့သည့်နှစ်ပတ်အတွင်း ၃၀ မှ ၅၀ ရာခိုင်နှုန်း အထိမြင့်တက်ခဲ့ကြောင်းနှင့် ကုန်သည်လုပ်ငန်းရှင်များက ဗဟိုအစိုးရ၏ဈေးနှုန်းထိန်းချုပ်နိုင်ရန် ဆောင်ရွက်ထားသည့် အစီအမံများ ဖြေလျှော့ပေးမည်ဟူသော မျှော်လင့်ချက်ဖြင့် ကြက်သွန်များကို သိုလှောင်ကိုင်ဆောင်ထားကြကြောင်း သိရသည်။

Nashik မြို့ရှိ Lasalgaon သီးနှံဈေးတွင် ကြက်သွန်နီလက်ကားဈေးမှာ မေလ ၂၅ ရက်၌ တစ်ကီလိုဂရမ်လျှင် ၁၇ ရူပီးသာရှိခဲ့သော်လည်း တနင်္လာနေ့က ပျမ်းမျှ ၂၆ ရူပီးရှိခဲ့ကြောင်းနှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဈေးနှုန်းမှာ ရူပီး ၃၀ ထိရှိခဲ့ကြောင်း သိရသည်။

ကြက်သွန်နီဈေးနှုန်းမြင့်တက်ရခြင်း၏ အဓိကအကြောင်းရင်းမှာ ဝယ်လိုအားနှင့် ရောင်းလိုအား မကိုက်ညီခြင်းကြောင့်ဖြစ်ကြောင်း၊ ဇွန်လမှစတင်၍ ဈေးကွက်အတွင်းသို့ရောက်ရှိသည့် ကြက်သွန်နီသည် တောင်သူများနှင့် ကုန်သည်များ သိုလှောင်ထားသည့် လက်ကျန်များမှဖြစ်ကြောင်း၊ တောင်သူများသည် ၂၀၂၃-၂၄ ခုနှစ် မိုးရာသီ ကြက်သွန်ထွက်ရှိမှုသည် လျော့နည်းသည့်အတွက် ဈေးကောင်းရရှိမည်ဟု မျှော်လင့်ထားသောကြောင့် ၎င်းတို့၏ ကြက်သွန်နီများကို ဖြည်းဖြည်းချင်းသာရောင်းချလျက်ရှိကြောင်း သိရသည်။

ကြက်သွန်နီတင်ပို့မှုအပေါ် ၄၀ ရာခိုင်နှုန်းအခွန်ကောက်ခံမှုကြောင့် တင်ပို့မှုနှေးကွေးနေသော်လည်း လာမည့်ဇွန်လ ၁၇ ရက်နေ့ Eid-al-Adhaအတွက် ပြည်တွင်းကြက်သွန်နီဝယ်လိုအားမှာ အားကောင်းနေကြောင်း Maharashtra ပြည်နယ်၊ Nashik မြို့မှ ကြက်သွန်ကုန်သည် Vikas Singh က ပြောကြားထားသည်။

ကြက်သွန်ဈေးနှုန်းတက်ရခြင်း၏ အခြားသောအဓိကအကြောင်းရင်းတစ်ခုမှာ ဗဟိုအစိုးရက ပို့ကုန်ခွန်ကို ဖယ်ရှားပေးပြီး ပြည်ပဝယ်လိုအားကြောင့် ဈေးနှုန်းမြင့်တက်လာမည်ဟု တောင်သူများနှင့် ကုန်သည်များက ယူဆထားပြီး ကြက်သွန်နီအားသိုလှောင်ထားကြသောကြောင့်ဖြစ်ကြောင်း သစ်သီးဝလံပန်းမန်ထုတ်လုပ်တင်ပို့သူများအသင်း ဥက္ကဋ္ဌ Ajit Shah က ပြောကြားထားသည်။

သို့ဖြစ်ပါ၍ အိန္ဒိယတောင်သူများနှင့် ကုန်သည်များက ကြက်သွန်နီတင်ပို့မှုအပေါ်ကောက်ခံသည့် အခွန် ၄၀ ရာခိုင်နှုန်းအား အစိုးရမှ ဖြေလျှော့ပေးရန် မျှော်လင့်လျက်ရှိသည်။

Source: Onion prices on the boil as arrivals slow, demand picks up, The Economic Times, 11 June 2024.

(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_21062024_12:52

## ဗီယက်နမ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား စိုက်ပျိုးရေးထွက်ကုန်များ ကုန်သွယ်မှုအောင်မြင်လျက်ရှိ

ဗီယက်နမ်နိုင်ငံမှ ရုရှားသို့ စိုက်ပျိုးရေးထွက်ကုန်များတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၃၁၃ ဒသမ ၅ သန်းဖြင့် စံချိန်တင်ခဲ့ကြောင်း၊ ရုရှားရှိ ဆူပါမားကက်များတွင် ဗီယက်နမ်ထုတ်ကုန်အများအပြား ရောင်းချလျက်ရှိကြောင်း Vietnam Economy အွန်လိုင်းသတင်းဖော်ပြချက်အရ သိရသည်။

ဗီယက်နမ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့ကြား လယ်ယာစိုက်ပျိုးရေးသီးနှံများ ကုန်သွယ်မှုပမာဏသည် ပြီးခဲ့သည့် ၅ နှစ်အတွင်း နှစ်ဆတိုးလာပြီး နှစ်စဉ်ပျမ်းမျှ အမေရိကန်ဒေါ်လာ တစ် ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန (MARD) ၏ အဆိုအရသိရသည်။

အဆိုပါ ကိန်းဂဏန်းသည် နှစ်နိုင်ငံအကြား စုစုပေါင်းကုန်သွယ်မှုတန်ဖိုး၏ ၂၀ ရာခိုင်နှုန်းခန့်ရှိကြောင်း ဖော်ပြထားသည်။ ဗီယက်နမ်နိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ် ပထမ ၅ လတွင် ရုရှားနိုင်ငံသို့ လယ်ယာထွက်ကုန် အမေရိဒေါ်လာ ၃၃၁ ဒသမ ၃ သန်းဖိုး တင်ပို့ခဲ့ပြီး ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၄၉ ဒသမ ၇ ရာခိုင်နှုန်း သိသိ သာသာ တိုးမြင့်လာခဲ့သည်။

ကော်ဖီတင်ပို့မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၆၁ ဒသမ ၆ သန်းဖြင့် အမြင့်ဆုံးစံချိန်တင်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၃၉ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ ပင်လယ်စာတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၇၆ ဒသမ ၄ သန်းရှိပြီး၊ သီဟိုဠ်စေ့ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၈ ဘီလီယံ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၈ သန်းရှိခဲ့သည်။

ဗီယက်နမ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် နှစ်ဦးနှစ်ဖက်အကျိုးရှိသော ကုန်သွယ်မှုဆက်ဆံရေးရှိပြီး ဗီယက်နမ်နိုင်ငံမှ ရော်ဘာ၊ သစ်အချောထည်နှင့် သစ်အချောထည်ပစ္စည်းများ၊ ဆန်နှင့် ငရုတ်ကောင်း စသည့်တို့ တင်ပို့လျက်ရှိပြီး ရုရှားနိုင်ငံမှ ပင်လယ်စာ၊ ဂျုံ၊ ဓာတ်မြေသြဇာနှင့် အေးခဲထားသော အသားများ တင်သွင်းလျက် ရှိကြောင်း ဖော်ပြထားသည်။

Source: Vietnam Economy,

(စီးပွားရေးသံမှူး၊ဗီယက်နမ်)

Source:https://myantrade.gov.mm/article/Naypyitawstp_210620240420

## ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းအားပေးရန် လယ်ယာထွက်ကုန်များအား ဒီဂျစ်တယ်ခြေရာခံစနစ်ဆောင်ရွက်တော့မည့် အင်ဒိုနီးရှားနိုင်ငံ

ကမ္ဘာ့ထိပ်တန်းစားအုန်းဆီတင်ပို့သည့် အင်ဒိုနီးရှားနိုင်ငံသည် အီးယူ၏ သစ်တောပြုန်းတီးမှု တိုက်ဖျက်ရေး စည်းမျဉ်းအသစ်များနှင့်ရင်ဆိုင်နေရသည့် အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ ကုန်စည်များကိုစောင့်ကြည့်ရန် ဒစ်ဂျစ်တယ်ပလက်ဖောင်းတစ်ခုကို ဩဂုတ်လတွင် စတင်တော့မည်ဖြစ်ကြောင်း စီးပွားရေးဝန်ကြီးဌာနကဆိုသည်။

ဇွန် ၅ ရက်နေ့က ထုတ်ပြန်ခဲ့သော ဝန်ကြီးဌာနအဆိုအရ စားအုန်းဆီ၊ ကော်ဖီနှင့် ရော်ဘာကဲ့သို့သော လယ်ယာထွက်ကုန်ပစ္စည်းများ၏ ထောက်ပံ့ရေးကွင်းဆက်တွင် ပွင့်လင်းမြင်သာမှုကို တိုးမြှင့်ရန်နှင့် ပြည်တွင်းရေရှည်တည်တံ့မှုစံနှုန်းများအား ပိုမိုကောင်းမွန်ရေးမြှင့်တင်ရန်ရည်ရွယ်၍ ဒီဂျစ်တယ်ပလက်ဖောင်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အီးယူက ၂၀၂၄ ခုနှစ်ကုန်တွင် ကျင့်သုံးခဲ့သည့် သစ်တောပြုန်းတီးမှုတိုက်ဖျက်ရေးစည်းမျဉ်းကြောင့် ဥရောပသို့တင်ပို့သည့် အင်ဒိုနီးရှားပို့ကုန်များအား လမ်းကြောင်းရှာဖွေပေးရန်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဂျကာတာ၏ ခန့်မှန်းချက်များအရ အီးယူသို့ စားအုန်းဆီ၊ ကိုကိုး၊ ကော်ဖီ၊ ရော်ဘာနှင့် ကျွန်းသစ်တင်ပို့မှု တန်ဖိုး ယူရို ၆ ဘီလီယံ (ကန်ဒေါ်လာ ၈ ဒသမ ၈ ဘီလီယံ)သည် အီးယူ၏စည်းမျဉ်းကြောင့် ထိခိုက်မည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုရှေ့ဆက်နိုင်ရေး ကုန်စည်ကုန်သွယ်မှုလမ်းကြောင်းကို ခြေရာခံစနစ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း စီးပွားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Musdhalifah Machmud က ပြောကြားခဲ့သည်။

သစ်တောပြုန်းတီးမှု တိုက်ဖျက်ရေးစည်းမျဉ်းကျင့်သုံးခြင်းအပေါ် အင်ဒိုနီးရှား၊ အီးယူနှင့် မလေးရှားတို့သည် လာမည့်စက်တင်ဘာလတွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်ပြီး အဆိုပါကာလမတိုင်မီ အင်ဒိုနီးရှားက ဒီဂျစ်တယ်ပလက်ဖောင်းကို ကျင့်သုံးသွားမည်ဖြစ်သည်။ အီးယူ၏စည်းမျဉ်းက အင်ဒိုနီးရှားနှင့်မလေးရှားတို့၏ စားအုန်းဆီ တင်ပို့မှုအပေါ် ခွဲခြားဆက်ဆံနေကြောင်း ၎င်းတို့က ပြောကြားနေသော်လည်း အီးယူကမူ ၎င်း၏ စည်းမျဉ်းသည် တစ်ကမ္ဘာလုံးအပေါ်၌ ကျင့်သုံးခြင်းဖြစ်ကြောင်းဆိုသည်။

Source: Reutures,

Source: ကုန်သွယ်ရေးဦးစီးဌာန၊ WTO ဌာနခွဲ,

Source: https://commerce.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_20062024_1045

## ထိုင်းနိုင်ငံ Thailand Future Exchange (TFEX) က ရော်ဘာရည်ညွှန်းဈေးစံနှုန်းသတ်မှတ်ရန် ဆောင်ရွက်လျက်ရှိ

ပြည်တွင်းနှင့်ပြည်ပသို့ ရော်ဘာကုန်သွယ်မှုဆောင်ရွက်လျက်ရှိသော ရော်ဘာကုန်သည်များအတွက် ရော်ဘာရည်ညွှန်းဈေးစံနှုန်းသတ်မှတ်နိုင်ရန် Thailand Future Exchange (TFEX) နှင့်ထိုင်းရော်ဘာအာဏာပိုင်တို့အကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ရော်ဘာရည်ညွှန်းဈေးနှုန်းကို ထိုင်းနိုင်ငံအတွက်ရည်ရွယ်၍စတင်ခဲ့ပြီး ရော်ဘာနှင့်ဆက်စပ်စက်မှုလုပ်ငန်းများ အကျိုးရှိစေရန်ဖြစ်ကြောင်း၊ ရည်ညွှန်းဈေးနှုန်းများကို ပြည်တွင်းသာမက ပြည်ပသို့ကုန်သွယ်မှုများတွင်လည်း ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်ရန် မျှော်မှန်းထားကြောင်း၊ ထိုင်းစတော့ အိတ်ချိန်း၏ ယူနစ်ခွဲတစ်ခု ဖြစ်သော TFEX က ဈေးနှုန်းများကို တွက်ချက်၍ ပွင့်လင်းမြင်သာမှုရှိစွာ အများပြည်သူသို့ ထုတ်ပြန်သွားရန် စီစဉ်ထားကြောင်း၊ ရော်ဘာရည်ညွှန်းဈေးနှုန်းကိုလည်း ဥရောပသမဂ္ဂ သစ်တော်ပြုန်းတီးမှုကင်းလွတ်စေရေး လုပ်ထုံးလုပ်နည်းနှင့်လည်း ကိုက်ညီနိုင်စေရေး ဆောင် ရွက်သွားမည် ဖြစ်ကြောင်း TFEX ၏ မန်းနေးဂျင်းဒါရိုက်တာ Ms. Rinjai Chakornpipat က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံသည် ကမ္ဘာ့အကြီးဆုံးရော်ဘာထုတ်လုပ်သည့်နိုင်ငံဖြစ်သော်လည်း ပို့ကုန်စာချုပ်များချုပ်ဆိုရာတွင် နိုင်ငံတကာရော်ဘာရည်ညွှန်းဈေးနှုန်းကိုသာ မှီတည်နေရကြောင်း၊ ပြည်တွင်းရည်ညွှန်းဈေးနှုန်း သတ်မှတ်ပြီးပါက ထိုင်းရော်ဘာတောင်သူများနှင့် ထုတ်လုပ်သူများအတွက် ကုန်ကျစရိတ်ကိုကာမိစေမည်ဖြစ်ကြောင်း၊ ယင်းသို့သော ရည်ညွှန်းဈေးနှုန်းထုတ်ပြန်ရခြင်းမှာ ရော်ဘာပို့ကုန်များအတွက်စာချုပ်တန်ဖိုးဆုံးဖြတ်ရာတွင်အခြေခံအဖြစ်အသုံးပြုနိုင်ရန်ဖြစ်ကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုတွင် ထိုင်းရော်ဘာအသင်းအနေဖြင့် ကုန်သွယ်မှုပမာဏ၊ ရော်ဘာအမျိုးအစားများ၏ အချက်အလက်များ အပါအဝင် လိုအပ်သောအချက်အလက်များကို ဈေးကွက်မှစုဆောင်းပေးမည်ဖြစ်ကြောင်း၊ ရော်ဘာကဏ္ဍရှိ ပူးပေါင်းဆောင်ရွက်သူ

များအကြား ယုံကြည်မှုတိုးမြှင့်စေရန်ဖြစ်ကြောင်း၊ ထိုင်းရော်ဘာရည်ညွှန်းဈေးနှုန်းသည် ထိုင်းနိုင်ငံကို ရော်ဘာထုတ်ကုန် အချက်အချာဖြစ်စေရန် ပံ့ပိုးပေးမည်ဖြစ်ပြီး ရော်ဘာတောင်သူများနှင့်ကုန်သည်များအကြား အကျိုးရှိစေခြင်းဖြင့် အသက်မွေး ဝမ်းကျောင်းတည်ငြိမ်စေမည်ဖြစ်ကြောင်း ရော်ဘာအသင်း၏ ဥက္ကဋ္ဌ Mr. Nakorn Tangavirapat က သုံးသပ်ပြောကြားခဲ့ သည်။ ရော်ဘာရည်ညွှန်းဈေးနှုန်းကို နေ့စဉ် ၂ ကြိမ် တွက်ချက်ထုတ်ပြန်သွားရန် လျာထားကြောင်း သိရသည်။

Source: www.bangkokpost.com,

သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။

Source: https://myantrade.gov.mm/article/Npt-170620241015

## ရုရှားနှင့် ဗီယက်နမ်ကြား ကုန်သွယ်မှုပမာဏ၏ ထက်ဝက်ကျော်သည် နိုင်ငံသုံးငွေကြေးများဖြင့် ငွေပေးချေလျက်ရှိ

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတဗလာဒီမာပူတင်က ၂၀၂၄ ခုနှစ် ပထမသုံးလပတ်တွင် ရုရှားနှင့် ဗီယက်နမ်ကြား ကုန်သွယ်မှုပမာဏ၏ ၆၀ ရာခိုင်နှုန်းနီးပါးကို နိုင်ငံသုံးငွေကြေးများဖြစ်သည့် ရူဘယ်နှင့် ဗီယက်နမ်ဒေါင်ငွေဖြင့် ဆောင်ရွက် ခဲ့ကြောင်း၊ ယင်းသည် နိုင်ငံတကာကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများတွင် ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုထားသည့် ငွေကြေးများအသုံးပြုမှုကို တစ်ဖြည်းဖြည်းဖယ်ရှားရန် ကမ္ဘာ့လမ်းကြောင်းနှင့် လိုက်လျောညီထွေဖြစ်စေကြောင်း ၎င်း၏ ဗီယက်နမ်ခရီးစဉ်အတွင်းတွင် ပြောကြားခဲ့သည်။

ထို့ပြင် ရုရှားနိုင်ငံသည် ဗီယက်နမ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ရုရှားဈေးကွက်တွင် ပိုမို တက်ကြွစွာလုပ်ကိုင် လာကြရန်နှင့် လုပ်ငန်းများအတွက် ရုရှားဈေးကွက်က ပေးထားသည့်အခွင့်အလမ်းများကို ပိုမိုအသုံးပြုနိုင်လိမ့်မည်ဟု မျှော်လင့် ကြောင်း၊ မော်စကို၊ Kaluga ဒေသနှင့် အရှေ့ဖျားဒေသရှိ Primorye နယ်မြေတို့တွင် နို့ထုတ်လုပ်သည့် စက်ရုံများ တည်ဆောက် နေသည့် ဗီယက်နမ်ကုမ္ပဏီ TH Group သည် ဥပမာ တစ်ခုဖြစ်ကြောင်းလည်း သမ္မတက ပြောကြားခဲ့သည်။

ရုရှားနှင့် ဗီယက်နမ်ကြား နိုင်ငံသုံးငွေကြေးများဖြစ်သည့် ရုရှားရူဘယ်နှင့် ဗီယက်နမ်ဒေါင်များဖြင့် ငွေပေးချေမှုများ တွင် ၂၀၂၃ ခုနှစ်၌ ကုန်သွယ်မှုပမာဏ၏ ၄၀ ရာခိုင်နှုန်းကျော်ရှိခဲ့ရာမှ ၂၀၂၄ ခုနှစ် ပထမသုံးလပတ်တွင် ၆၀ ရာခိုင်နှုန်း နီးပါး တိုးတက်ခဲ့ကြောင်း သိရသည်။

Source : https://ria.ru/20240619/torgovlya-1954076288.html,

(ခွန်မျိုးသူ၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_24062024_14:42

## ရေနံတွင်းဟောင်းများ သန့်ရှင်းရေးနှင့်ပတ်သက်သည့် အမေရိကန်အစိုးရ၏ အမိန့်ကိုတားဆီးရန် ရေနံကုမ္ပဏီကြီးများနှင့်အတူ ရပ်တည်ခဲ့ကြသည့်ပြည်နယ်များ

တက္ကဆက်၊ လူဝီစီးယားနားနှင့် မစ္စစပီပြည်နယ်တို့သည် သမ္မတဂျိုးဘိုင်ဒင်အစိုးရက အဆိုပြုသည့် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများအနေဖြင့် ရေနံတွင်းဟောင်းများရှိ အဆောက်အဦများကို ဖျက်သိမ်းရန်အတွက် ဘဏ္ဍာငွေ အမေရိကန်ဒေါ်လာ ၇ သန်းပေးရန် လိုအပ်မည့် စည်းမျဉ်းကိုတားဆီးရန် အမေရိကန်အစိုးရအား ၂၀၂၄ ခုနှစ် ဇွန်လ ၁၇ ရက် တွင် တရားစွဲဆိုခဲ့ကြောင်း သတင်းဖော်ပြချက်များအရ သိရသည်။

အဆိုပါစည်းမျဉ်းသည် ယခုနှစ်တွင် အသက်ဝင်မည်ဖြစ်ပြီး အထူးသဖြင့် ရင်းနှီးမြှုပ်နှံမှုအဆင့် မကောင်းသော သို့မဟုတ် အရန်ရေနံတွင်းများမရှိသော ကုမ္ပဏီငယ်များကို ထိခိုက်မည်ဖြစ်ကြောင်းနှင့် ယင်းစည်းမျဉ်း အသက်ဝင်ပါက အမေရိကန်နိုင်ငံ၏ မက္ကဆီကိုပင်လယ်ကွေ့ရှိ ရေနံတူးဖော်လျက်ရှိသော လုပ်ငန်းလေးပုံသုံးပုံကို ထိခိုက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အမေရိကန်နိုင်ငံ၏ ပင်လယ်ပြင်မှတူးဖော်ထုတ်လုပ်သောစွမ်းအင်စီမံရေးဗျူရို (U.S. Bureau of Ocean Energy Management - BOEM) ကို တရားစွဲဆိုမှုပြုလုပ်ခြင်းဖြစ်ကြောင်း၊ တရားစွဲဆိုခံရမှုနှင့်ပတ်သက်၍ BOEM သို့ဆက်သွယ် မေးမြန်းခဲ့သော်လည်း ပြန်လည်ဖြေကြားခြင်းမရှိခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်၊ ဧပြီလတွင် ထုတ်ပြန်ခဲ့သည့် ယင်းစည်းမျဉ်းနှင့် ပတ်သက်၍ အမေရိကန်ပြည်ထဲရေးဝန်ကြီးဌာန (Department of the Interior) က ကမ်းလွန်ရေနံတူးဖော်မှုများဖျက်သိမ်းရန် ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းများက ကျခံရမည့်စရိတ်များကို အမေရိကန်အခွန်ထမ်းပြည်သူများ ကျခံရမှုမှကာကွယ်ရန် ချမှတ်ခြင်းဖြစ်သည်ဟုဆိုကြောင်း၊ ရေနံတွင်းဟောင်းများကို ဖျက်သိမ်းရန် ဒေါ်လာဘီလီယံချီကုန်ကျနိုင်ပြီး အကယ်၍ ကုမ္ပဏီ များက လူမွဲစာရင်းခံယူမှုကြောင့် သို့မဟုတ် ကုမ္ပဏီငယ်များသို့ ၎င်း၏ပိုင်ဆိုင်မှုများကို ရောင်းချလျက်လွှဲပြောင်းပေးခြင်းများ ရှိပါက ယင်းစရိတ်များကို အမေရိကန်အခွန်ထမ်းပြည်သူများက ကျခံရနိုင်ကြောင်း၊ ၂၀၀၉ ခုနှစ်မှစ၍ လူမွဲစာရင်းခံယူခဲ့ကြသည့်

ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်သည့်ကုမ္ပဏီ ၃၇ ခုရှိကြောင်း အမေရိကန်အစိုးရဝန်ကြီးဌာနတစ်ခု၏ အချက်အလက်များအရ သိရသည်။

၂၀၂၃ ခုနှစ်၊ ဖွန်လအထိ အမေရိကန်နိုင်ငံ၊ မက္ကဆီကို ပင်လယ်ကွေ့တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်လျက်ရှိသည့် တွင်းပေါင်း ၂,၇၀၀ နှင့် ရေနံတူးစက်ယန္တရားစင် (Platform) ၅၀၀ ကျော်တို့မှာဖျက်သိမ်းရန် အချိန်ကျော်လွန်လျက်ရှိပြီဖြစ်ကြောင်း၊ BOEM အနေဖြင့် ရေနံနှင့် သဘာဝလုပ်ငန်းဆိုင်ရာ Supplemental Bond တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံကို လက်ဝယ်ကိုင်ထားပြီး ယင်းပမာဏသည် ဖျက်သိမ်းစရိတ် ကုန်ကျငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀ မှ ၇၀ အထိ ပေးနိုင်မည်ဖြစ်ကြောင်း၊ BOEM အနေဖြင့် စည်းမျဉ်းအသစ်အရ လက်ရှိရေနံတွင်း ငှားရမ်းမှုများကို ခွင့်ပြုခြင်း၊ ယခင်ငှားရမ်းစာချုပ်ပိုင်ဆိုင်သူများအနေဖြင့် Supplemental Finance Assurance အသစ်ကို ပြည့်မီရန် အရစ်ကျငွေပေးချေရမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၊ လူဝီစီးယားနားပြည်နယ် ရှေ့နေချုပ် Ms. Liz Murrill က BOEM ကို ၂၀၂၄ ခုနှစ် ဖွန်လ ၁၇ ရက်တွင် တရားစွဲဆိုမှုစတင်ပြုလုပ်ခဲ့ပြီး တက္ကဆက်နှင့် မစ္စစပီပြည်နယ် ရှေ့နေချုပ်များက ယင်းတရားစွဲဆိုမှုအပေါ် ပူးပေါင်းလာခဲ့ကြောင်း၊ Sierra Club National Oil and Gas Campaign မန်နေဂျာက ရိုက်တာသတင်းဌာနသို့ ပြောကြားရာတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏လုပ်ငန်းမှကြွင်းကျစ်ရစ်သည့် အရှုပ်အထွေးများကို ရှင်းလင်းရန် သင့်တင့်သည့်တန်ဖိုးပေးသင့်ပြီး ယခုကဲ့သို့သောစည်းမျဉ်းများ ထုတ်ပြန်၍ စတင်သင့်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၏ မက္ကဆီကိုပင်လယ်ကွေ့မှ တစ်ရက်လျှင် ရေနံစည်ပေါင်း ၁ ဒသမ ၈ သန်း ပျမ်းမျှ ထုတ်လုပ်လျက်ရှိပြီး စုစုပေါင်းရေနံထုတ်လုပ်မှု၏ ၁၄ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။

Source:[https://www.fastcompany.com/91142393/states-big-oil-us-government-lawsuit-block-cleanup-enforcement-old-wells](https://www.fastcompany.com/91142393/states-big-oil-us-government-lawsuit-block-cleanup-enforcement-old-wells),

(ခင်ဆွေဦး၊ စီးပွားရေးသံမှူး)

Source: [https://myantrade.gov.mm/article/Naypyitawstp_210620240300](https://myantrade.gov.mm/article/Naypyitawstp_210620240300)

## ထိုင်းနိုင်ငံ၌ ကြက်သားဈေးနှုန်းမြင့်တက်လာမှုကြောင့် ဈေးနှုန်းအပေါ်ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနက စောင့်ကြည့်လျက်ရှိ

ထိုင်းနိုင်ငံ၌ ကြက်သားဈေးနှုန်းများ အလွန်အမင်းမြင့်တက်လာမှုကို ကာကွယ်ရန်အတွက် ပြည်တွင်း ရောင်းအားနှင့် တင်ပို့မှုအကြား မျှတမှုရှိစေရေး ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များကို တိုက်တွန်းလျက်ရှိပြီး ကြက်သားပို့ကုန်အပေါ် ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနက စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မတ်လမှ ဧပြီလသည် ကြက်သားဈေးနှုန်း မြင့်တက်လာရခြင်းမှာ ပူပြင်းသောရာသီနှင့် မိုးခေါင်သောကြောင့်ဖြစ်ကြောင်း၊ အပူချိန်မြင့်တက်လာခြင်းကြောင့် စားသုံးမှုကိုလျော့နည်းစေပြီး အပူချိန်အပေါ်စိုးရိမ်မှုကြောင့် ဝယ်ယူနှုန်းတိုးတက်စေကြောင်း၊ ထို့ပြင်မွေးမြူရေးကာလကို မူလ ၃ ရက်မှ ၅ ရက်ထိ တိုးမြှင့်လိုက်ရသဖြင့် မွေးမြူရေးသမားများအတွက် ကုန်ကျစရိတ်မြင့်တက်စေကြောင်း၊ ဦးစီးဌာနအနေဖြင့် မွေးမြူသူတောင်သူများနှင့် ရာသီဥတုအေးလာပြီဖြစ်၍ ကြက်သားထုတ်လုပ်မှုသည်ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်ကြောင်းနှင့် ကြက်သားဈေးနှုန်းကျဆင်းတော့မည်ဖြစ် ကြောင်း အတည်ပြုပေးခဲ့သည့်ထုတ်လုပ်သူများနှင့် ဆွေးနွေးခဲ့ကြောင်း ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Wattanasak Sur-iam က ပြောကြားခဲ့သည်။

ပို့ကုန်မြင့်တက်လာသဖြင့် ပြတ်လပ်မှုဖြစ်ပေါ်လာမည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ ပြည်တွင်းကြက်သား ဈေးနှုန်းတည်ငြိမ်စေရေးအတွက် ပြည်တွင်းရောင်းချမှုနှင့် ပို့ကုန်အချိုးအစား မျှတမှုရှိစေရေး အဓိက ကြက်သားထုတ်လုပ်တင်ပို့နေသူများဖြစ်သည့် Cargill Meats (Thailand) Co., Ltd၊ CPF (Thailand) Plc နှင့် Saha Farm Co Ltd တို့နှင့် သဘောတူညီပြီးဖြစ်ကြောင်း၊ ပို့ကုန်ပိုမိုသွားပါက ပြည်တွင်းပြတ်လပ်မှုဖြစ်ပေါ်စေနိုင်သည်ဖြစ်၍ ကြက်သားတင်ပို့မှုအပေါ် ပိုမိုတင်းကျပ်သည့် အစီအမံများကို ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ အရောင်းမြှင့်တင်ရေး လှုပ်ရှားမှုများမှတစ်ဆင့် ကြက်သားဈေးနှုန်းကို ကျဆင်းစေရန် လက်လီ/လက်ကား အရောင်းဆိုင်များနှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က ဆက်လက်ပြောကြားသည်။

ဦးစီးဌာနအနေဖြင့် ဗဟိုနှင့် ပြည်နယ်အဆင့် ကြက်မွေးမြူခြင်းနှင့် ဈေးနှုန်းများအပေါ် စောင့်ကြည့်လျက်ရှိကြောင်း၊ ထုတ်လုပ်သူများနှင့် တင်ပို့နေသူများက ထုတ်လုပ်မှုပမာဏသည် ပြည်တွင်းစားသုံးမှုနှင့် တင်ပို့မှုအတွက် လုံလောက်ကြောင်း၊ မွေးမြူသူများက ကြက်ပေါက်များကို ၃၉ ရက်မှ ၄၂ ရက်ကြာမွေးမြူပြီးနောက် သားသတ်ရုံသစ်များလည်း ဆောင်ရွက်နေပြီ

ဖြစ်ရာ ထုတ်လုပ်မှုအဆင့်သည် မူလအတိုင်း ပြန်လည်ရောက်ရှိနေပြီဖြစ်ကြောင်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Goranij Nonejuie က ဖြည့်စွက်ပြောကြားသည်။

ထိုင်းနိုင်ငံတွင် ပူပြင်းသောရာသီနှင့်မိုးခေါင်မှုကြောင့် စားသုံးမှုကျဆင်းနေသော်လည်း ကြက်သား ဈေးနှုန်းမြင့်တက်လျက်ရှိရာ အမိကကြက်မွေးမြူသူများနှင့် ထုတ်လုပ်သူတို့ဆွေးနွေးညှိနှိုင်းပြီး ပြည်တွင်းစားသုံးမှုနှင့်ပို့ကုန်အတွက် ထိခိုက်မှုမရှိစေရေး ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Source: www.bangkokpost.com, သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။

Source: https://myantrade.gov.mm/article/Naypyitawstp_210620241200

## ကမ္ဘောဒီးယားနိုင်ငံမှ တရုတ်နိုင်ငံသို့ ကင်းပုစွန်တုပ်အရှင် ၃ တန်ကျော်တင်ပို့ခဲ့

ကမ္ဘောဒီးယား စိုက်ပျိုးရေး၊ သစ်တောနှင့်ငါးလုပ်ငန်းဝန်ကြီးဌာန အဆိုအရ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလတွင် စမ်းသပ်သည့်အနေဖြင့်စခဲ့သည့် ကမ္ဘောဒီးယားနိုင်ငံမှ တရုတ်နိုင်ငံသို့ ကင်းပုစွန်တုပ်(Mantis Prawn) အရှင် တင်ပို့မှုသည် ယခုအခါ ၃ တန်ကျော်သွားပြီဖြစ်ကြောင်း၊ တရုတ်နိုင်ငံသို့ တင်ပို့မှုသည် ၂၀၂၃ ခုနှစ်တွင် ၁,၀၉၅ ကီလို ဂရမ်သာရှိခဲ့သော်လည်း ၂၀၂၄ ခုနှစ်၊ ပထမ ၂ လအတွင်း အလေးချိန် ၂,၁၀၀ ကီလိုဂရမ်ထိ တင်ပို့ခဲ့ကြောင်း သိရှိရသည်။

ဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူက ရာသီဥတုပူပြင်းမှုကြောင့် ကင်းပုစွန်တုပ်တင်ပို့မှုမှာ နည်းပါးသော်လည်း အေးသောရာသီတွင် တိုးမြင့်တင်ပို့မည်ဖြစ်ကြောင်း၊ ပုစွန်တုပ်အရှင် ဝယ်လိုအားမြင့်မားသည့် တရုတ်နိုင်ငံသို့ တိုးမြှင့်တင်ပို့နိုင်ရန် ဝန်ကြီးဌာနနှင့် ကုမ္ပဏီတို့က ပူးပေါင်းဆောင်ရွက်နေကြောင်း ပြောကြားခဲ့သည်။

Source: https://www.khmertimeskh.com,

Source: ကုန်သွယ်ရေးဦးစီးဌာန၊ WTO ဌာနခွဲ

Source: https://commerce.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_24062024_1041

## ထိုင်းနိုင်ငံတွင် ကုန်သွယ်မှုမြှင့်တင်ရန်အတွက် SMEs ပြပွဲ ကျင်းပပြုလုပ်

အများနှင့်သက်ဆိုင်သောကဏ္ဍများနှင့် ပုဂ္ဂလိကကဏ္ဍများသည် အသေးစားနှင့် အလတ်စားလုပ်ငန်း များအတွက် ဈေးကွက်အခွင့်အလမ်းများရရှိစေရန် ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများပါဝင်သော Thailand SMEs Synergy Expo 2024 ကုန်စည်ပြပွဲကို ကျင်းပပြုလုပ်ခဲ့သည်။ ဇွန်လ ၁၉ ရက်နေ့မှ ၂၃ ရက်နေ့ထိ Queen Sirikit အမျိုးသားညီလာခံစင်တာ တွင် ၅ ရက်တာ ကျင်းပခဲ့ပြီး ပွဲတော်ကို စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဌာန (DBD)၊ အသေးစား၊ အလတ်စားလုပ်ငန်းများမြှင့်တင်ရေးရုံး (OSMEP)၊ ထိုင်းနိုင်ငံအစိုးရနှင့် ပုဂ္ဂလိကမိတ်ဖက်အဖွဲ့အစည်းများက ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံစီးပွားရေးဝန်ကြီးဌာန၏ ဒုတိယဝန်ကြီး ဖြစ်သူ Napintorn Srisunpang က ပွဲတော်သည် SMEs များ နိုင်ငံတကာအဆင့်ထိ တိုးချဲ့ထိုးဖောက်နိုင်ရန် အတွက် လှုံ့ဆော်မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်ကြောင်းနှင့် ၂၀၂၇ ခုနှစ်တွင် SMEs များသည် ပြည်တွင်း အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP)တွင်ပါဝင်သည့်ပမာဏကို လက်ရှိ ၃၅ ရာခိုင်နှုန်း မှ ၄၀ ရာခိုင်နှုန်း အထိ မြှင့်တင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ Mr.Napintorn က DBD ကို SMEs များကို စီးပွားရေးစီမံခန့်ခွဲရေးဆွဲခြင်း၊ ရန်ပုံငွေအရင်းအမြစ်များရှာဖွေခြင်းနှင့် ရောင်းချမည့်နေရာများ ဆုံးဖြတ်ချခြင်းတို့တွင် ကူညီရင်း OSMEP နှင့် ပူးပေါင်းဆောင်ရွက်သွားရန် ညွှန်ကြားထားကြောင်း သိရသည်။

ထို့ပြင် Mr.Napintorn က ပွဲတော်တွင် ပါဝင်သည့် SMEs များသည် ၎င်းတို့၏ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို စီးပွားရေးလုပ်ငန်းအချင်းချင်း၊ စီးပွားရေးလုပ်ငန်းမှ ဝယ်ယူသူနှင့် အခြားကုမ္ပဏီများနှင့်ပူးပေါင်းဆောင်ရွက်ခွင့်စသည့် စီးပွားရေးအခွင့်အလမ်းသစ်များကို ရှာဖွေနိုင်မည်ဖြစ်ကြောင်းပြောကြားခဲ့သည်။ ပွဲတော်တွင်အစားအသောက်နှင့် အဖျော်ယမကာ၊ ပညာရေး၊ ဝန်ဆောင်မှု၊ အလှပြုပြင်ရေး၊ အလှကုန်များနှင့် လက်လီကဏ္ဍတို့ ပါဝင်သည့် လုပ်ငန်း ၆၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြောင်း၊ SMEs များအတွက် ဘဏ်နှင့် အာမခံကုမ္ပဏီ ၁၈ ခုတို့မှ အထူးအတိုးနှုန်းထားနှင့် ဘတ် ၄၅ ဘီလီယံ ချေးငွေရန် ကမ်းလှမ်းထားကြောင်း၊ အဆိုပါပွဲတော်မှ ဘတ်သန်း ၁၄၀ ရရှိရန် မျှော်လင့်ထားကြောင်း Mr.Napintorn က ပြောကြားခဲ့သည်။ Source: Bangkok Post, Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_24062024_1047

## တောင်ကိုရီးယားနိုင်ငံ၏အကြီးမားဆုံးတင်ပို့သည့်နိုင်ငံနေရာတွင်ရပ်တည်နေသော တရုတ်နိုင်ငံနေရာကို အမေရိကန်နိုင်ငံအစားထိုးလာနိုင်

တောင်ကိုရီးယားနိုင်ငံ၏ အမေရိကန်သို့တင်ပို့မှုသည် ယခုနှစ်တွင် ၂၂ နှစ်အတွင်း ပထမဆုံးအနေဖြင့် တရုတ်နိုင်ငံကို ကျော်ဖြတ်နိုင်ကြောင်း၊ တောင်ကိုရီးယားနိုင်ငံ၏ ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် အသေးစား၊ အလတ်စားလုပ်ငန်းများနှင့် စွန့်ဦးတီထွင်သူများဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။ ဇန်နဝါရီလမှ မေလအတွင်း အမေရိကန်သို့တင်ပို့မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၃ ဘီလီယံရှိခဲ့ပြီး တရုတ်နိုင်ငံသို့တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၆၉ ဘီလီယံရှိကြောင်းသိရသည်။ ကုမ္ပဏီကြီးများသည် ၎င်းတို့၏ တင်ပို့မှုဦးတည်ရာကို လွန်ခဲ့သည့်နှစ်ကတည်းက ပြောင်းလဲခဲ့ခြင်းဖြစ်ပြီး အသေးစားနှင့် အလတ်စားလုပ်ငန်းများမှာ ၎င်းတို့၏ တင်ပို့မှုပုံစံကို နှစ် ၂၀ အတွင်း ပထမဆုံးအနေဖြင့် ပြောင်းလဲခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ဤပမာဏအတိုင်း ရှေ့ဆက်သွားမည်ဆိုပါက ၂၀၀၂ ခုနှစ်နောက်ပိုင်း ပထမဆုံးအနေဖြင့် အမေရိကန်နိုင်ငံက တရုတ်နိုင်ငံကို ကျော်ဖြတ်နိုင်မည်ဖြစ်ကြောင်းသိရသည်။ ၂၀၂၃ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံမှ အမေရိကန်နိုင်ငံသို့တင်ပို့မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၁၅ ဒသမ ၇၁ ဘီလီယံရှိခဲ့ပြီး တရုတ်နိုင်ငံသို့တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၂၄ ဒသမ ၈၁ ဘီလီယံရှိခဲ့သည့်အတွက် တရုတ်နိုင်ငံက အမေရိကန် ဒေါ်လာ ၉ ဒသမ ၁ဘီလီယံပိုမိုရရှိခဲ့ကြောင်းသိရသည်။

အမေရိကန်နိုင်ငံသို့တင်ပို့မှုမှာ လွန်ခဲ့သည့်နှစ်ထက် ၅ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်လာခဲ့ပြီး အဓိကအားဖြင့် မော်တော်ယာဉ်များနှင့် ဘတ္တရီအိုးများတင်ပို့ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ အမေရိကန်နိုင်ငံသို့ တင်ပို့မှုပမာဏမှာ ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၇၄ ဒသမ ၁၁ ဘီလီယံမှ ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၉၅ ဒသမ ၉ ဘီလီယံရောက်ရှိခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ပထမဆုံးအနေဖြင့် အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံကျော် သွားကြောင်းသိရသည်။ သို့သော် တရုတ်နိုင်ငံသို့ တင်ပို့မှုမှာ ၂၀၂၁ ခုနှစ်တွင် စံချိန်တင် အမေရိကန်ဒေါ်လာ ၁၆၂ ဒသမ ၉၁ ဘီလီယံရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၅၅ ဒသမ ၇၉ ဘီလီယံနှင့် ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၂၄ ဒသမ ၈၁ ဘီလီယံအထိကျဆင်းခဲ့ကြောင်းသိရသည်။ သို့သော်တင်ပို့မှုဦးတည်ရာအလားအလာမှာ တရုတ်နိုင်ငံ၏စီးပွားရေးနာလန်ထူလာမှုကြောင့် ပြောင်းလဲနိုင်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ယခုနှစ်၏ ပထမလေးလတာကာလတွင် စီးပွားရေးတိုးတက်မှု ၅ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ပြီး ခန့်မှန်းမှုများကိုကျော်ဖြတ်နိုင်ခဲ့ကာ မေလတစ်လတည်းတွင်ပင် ပြည်ပသို့ အမေရိကန်ဒေါ်လာ ၃၀၂ ဒသမ ၃၅ ဘီလီယံထိ တင်ပို့နိုင်ခဲ့ပြီး ၂၀၂၃ ခုနှစ်၊ မေလထက် ၇ ဒသမ ၆ ရာခိုင်နှုန်း တင်ပို့မှုမြင့်တက်ခဲ့ကြောင်း သိရသည်။ တရုတ်နိုင်ငံ စီးပွားရေးနှင့် ဘဏ္ဍာရေးသုတေသနအသင်း၏ အကြီးအကဲဖြစ်သူ Jean Byung Seo က အကယ်၍ တစ်ပိုင်းလျှပ်ကူးပစ္စည်းနှင့် Display ဖန်သားပြင်ကဲ့သို့သော အလယ်အလတ်ကုန်ပစ္စည်းများ တင်ပို့မှု မြင့်တက်လာပါက တရုတ်နိုင်ငံသည် နှစ်ကုန်တွင် ကိုရီးယား၏ အကြီးမားဆုံးတင်ပို့သည့်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်နိုင်မည်ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံ၏ ဘဏ္ဍာရေးအခြေအနေမှာ တည်ငြိမ်နေသော်လည်း အလုံးစုံ စီးပွားရေးမှာကျဆင်းလျက်ရှိကြောင်းနှင့် အကျိုးဆက်များကိုအနီးကပ်စောင့်ကြည့်ရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။ Source: Indina Shipping News, Source: https://www.doca.gov.mm

Source: [https://myantrade.gov.mm/article/naypyitaw_20062024_1114](https://myantrade.gov.mm/article/naypyitaw_20062024_1114)

## စားနပ်ရိက္ခာဖူလုံရေးအတွက် ဂျပန်အစိုးရနှင့်ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးခဲ့

ဂျပန်အစိုးရအနေဖြင့် ဂျပန်နိုင်ငံရှိ ပို့ကုန်သွင်းကုန်ကုမ္ပဏီကြီးများအားတွေ့ဆုံ၍ စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာ မဟာဗျူဟာများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

အဆိုပါသတင်းတွင် ကမ္ဘာလုံးဆိုင်ရာပြိုင်ဆိုင်မှုများပြင်းထန်လာပြီး စားနပ်ရိက္ခာဖူလုံရေးအတွက် စိန်ခေါ်မှုများ ပိုမိုဖြစ်ပေါ်စေလျက်ရှိခြင်းကြောင့် ဂျပန်အစိုးရအနေဖြင့် ယခုကဲ့သို့ဆွေးနွေးမှုများပြုလုပ်ရခြင်း ဖြစ်ကြောင်း ဖော်ပြထားသည်။

စိုက်ပျိုးရေးဝန်ကြီး Mr. Sakamoto Tetsushi က ဂျပန်နိုင်ငံအနေဖြင့် နိုင်ငံအတွက် လိုအပ်သည့် စားနပ်ရိက္ခာများကို ဈေးနှုန်းသက်သာစွာဖြင့် လိုအပ်သလောက်တင်သွင်းနိုင်တော့မည်မဟုတ်ကြောင်း၊ ကောက်ပဲသီးနှံတင်သွင်းနိုင်မှု အခြေအနေမှာ များစွာပြောင်းလဲလျက်ရှိကြောင်း၊ ထို့ကြောင့် ဂျပန်နိုင်ငံသို့ တင်ပို့မည့် ကောက်ပဲသီးနှံများကို သိုလှောင်ထိန်းသိမ်းရန်နှင့် တင်ပို့ရန်အတွက် လိုအပ်သည့်အခြေခံအဆောက်အဦများကို တင်ပို့မည့်နိုင်ငံများတွင် တည်ဆောက်နိုင်ရေးပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ဂျပန်စိုက်ပျိုးရေးဝန်ကြီးက ကတိပြုပြောကြားခဲ့ကြောင်းဖော်ပြထားသည်။

ပို့ကုန်သွင်းကုန်ကုမ္ပဏီကြီးများအနေဖြင့် ဂျပန်နိုင်ငံသို့ ကုန်စည်တင်ပို့မည့်နိုင်ငံများတွင် ရထားလမ်းနှင့် ဆိပ်ကမ်းကဲ့သို့သော အခြေခံအဆောက်အဦများတည်ဆောက်နိုင်ရေးအတွက် တရားဝင်ဖွံ့ဖြိုးမှုအကူအညီ (Official Development Assistance) များပေးအပ်နိုင်ရေးအတွက်လည်း တောင်းဆိုခဲ့ကြကြောင်း၊ ထို့အတူ ဂျပန်နိုင်ငံတွင် လက်ရှိကျင့်သုံးလျက်ရှိသည့် ပို့ကုန်ဆိုင်ရာစည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများ ပိုမိုရှင်းလင်း လွယ်ကူလာစေရေးနှင့် ကောင်းမွန်လာစေရေးတို့အပြင်

အဆိုပါလုပ်ငန်းစဉ်များကိုလည်း ဂျပန်နိုင်ငံသို့ ပို့ကုန်တင်ပို့လျက်ရှိသည့်နိုင်ငံများသို့ ဖြန့်ဝေပေးရန် တိုက်တွန်းခဲ့ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံအနေဖြင့် နိုင်ငံအတွက် လိုအပ်သည့်ဂျုံ၊ ပဲပိစပ်၊ အခြားသောကောက်ပဲသီးနှံများနှင့် ဓာတ်မြေသြဇာများကို ပြည်ပမှ အဓိကတင်သွင်းသုံးစွဲလျက်ရှိကြောင်း၊ သို့သော် ကမ္ဘာ့လူဦးရေတိုးပွားလာမှု၊ တရုတ်နှင့်အခြားသောကမ္ဘာ့နိုင်ငံများ၏ ဝယ်လိုအားမြင့်မားလာမှုတို့ကြောင့် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားမှုများ ကြုံတွေ့ရလျက်ရှိကြောင်း ဖော်ပြထားသည်။

Source: The NHK World Japan (၁၈-၆-၂၀၂၄)

(သုဇာဖြိုး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_20062024_14:54

## စင်ကာပူနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံအကြား Financial Transparency Corridor Initiative (FTC) စတင်ဆောင်ရွက်

စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့(Monetary Authority of Singapore-MAS)နှင့် ကမ္ဘောဒီးယားအမျိုးသားဘဏ် (National Bank of Cambodia-NBC)တို့က Financial Transparency Corridor Initiative (FTC)စတင်ဆောင်ရွက်ကြောင်း ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့တွင် ကြေညာခဲ့မှုနှင့်စပ်လျဉ်း၍ MAS က သတင်းထုတ်ပြန်ခဲ့သည်။ ကမ္ဘောဒီးယားဝန်ကြီးချုပ် Samdech Moha Borvor Thipadei HUN Manet ၏ စင်ကာပူနိုင်ငံသို့ လာရောက်ခဲ့သည့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲတွင် FTC ကို စတင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။

FTC သည် စင်ကာပူနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံရှိ ငွေကြေးအဖွဲ့အစည်းများအကြား သဘောတူညီချက်ကို အခြေခံသည့်ဒီဂျစ်တယ်အခြေခံအဆောက်အအုံ(Digital Infrastructure)နှင့် ကွန်ရက်တစ်ခုဖြစ်ပြီး အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအကြား ကုန်သွယ်မှုနှင့်နယ်စပ်ဖြတ်ကျော်ငွေကြေး ဝန်ဆောင်မှုလုပ်ငန်းများတိုးတက်စေရေးရည်ရွယ်သည်။ အချက်အလက်များလွယ်ကူစွာအသုံးပြုနိုင်ခြင်းဖြင့် ငွေကြေးအဖွဲ့အစည်းများသည် ငွေကြိုတင်ထုတ်ယူသုံးစွဲမှု အန္တရာယ်ဆန်းစစ်မှုများ(Credit risk assessments)ကို ပိုမိုကောင်းမွန်စွာ ကိုင်တွယ်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နှစ်နိုင်ငံအကြား အသေးစားနှင့်အလတ်စား ကုန်သွယ်မှုများအတွက် ဘဏ္ဍာငွေ ပိုမိုရရှိစေရန် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

FTC တွင် ကနဦးပါဝင်သည့် ငွေကြေးအဖွဲ့အစည်းများမှာ စင်ကာပူနိုင်ငံမှ ANEXT Bank Pte Ltd၊ Liquid Group Pte Ltd နှင့် Sing Investments & Finance Limited တို့ဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံမှ Advanced Bank of Asia Ltd၊ ACLEDA Bank PLC၊ Phillip Bank PLC၊ Sathapana Bank PLC နှင့် Wing Bank PLC တို့ဖြစ်သည်။

FTC မှတစ်ဆင့် သတင်းအချက်အလက်ဖလှယ်ခြင်းနှင့် ငွေကြေးထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ Sing Investments & Finance Limited သည် FTC ကိုအသုံးပြု၍ ကမ္ဘောဒီးယား အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းမှ ကုန်စည်နှင့်ကုန်ကြမ်းများကိုဝယ်ယူနေသည့် စင်ကာပူ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို ငွေကြေးထောက်ပံ့မည်ဖြစ်သည်။ Liquid Group Pte Ltd သည် အဆိုပါ စင်ကာပူ-ကမ္ဘောဒီးယားကုန်သွယ်မှုနှင့်ဆက်စပ်သည့် နိုင်ငံခြားငွေပေးချေမှုများတွင် လိုအပ်သည့် စစ်ဆေးမှုများကို ကူညီပေးမည်ဖြစ်သည်။ Sathapana Bank PLC က စင်ကာပူ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှ အိမ်ဆောက်ပစ္စည်းများတင်သွင်းသည့် ကမ္ဘောဒီးယားအသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ငွေကြေးထောက်ပံ့မှုပေးသွားမည်ဖြစ်သည်။

FTC ဆောင်ရွက်မှု၏ အကျိုးဆက်အနေဖြင့် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးကို အထောက်အကူပြုရန် ငွေကြေးအဖွဲ့အစည်းများပါဝင်မှုအရေအတွက်၊ ငွေကြေးစီးဆင်းမှု (GreenFinance)နှင့် ကုန်သွယ်မှုဆိုင်ရာဘဏ္ဍာရေးစသည်တို့တိုးတက်များပြားလာစေမည်ဖြစ်သည်။

"FTC စတင်ဆောင်ရွက်ခြင်းသည် ဒီဂျစ်တယ်အခြေခံအဆောက်အအုံမှ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ငွေကြေးဆိုင်ရာအချက်အလက်များဖလှယ်ခြင်းဖြင့် ယင်းလုပ်ငန်းများအတွက် ငွေကြေးဝန်ဆောင်မှုများ ပိုမိုရရှိစေမည်ဖြစ်ကြောင်း၊ ငွေကြေးအဖွဲ့အစည်းများပါဝင်ခြင်းနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် စီးပွားရေးအခွင့်အလမ်းကောင်းများကို ဖန်တီးနိုင်မည်ဖြစ်ကြောင်း" MAS ၏ မန်နေးဂျင်းဒါရိုက်တာဖြစ်သူ Chia Der Jiun က ပြောကြားခဲ့သည်။ "FTC သည် NBC နှင့် MAS တို့၏ စီးပွားရေး လုပ်ငန်းများ၊ အထူးသဖြင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် သတင်းအချက်အလက်ရရှိရေးကို အထောက်အကူဖြစ်စေရေး မျှော်မှန်းချက်ကို ထင်ဟပ်စေမည်ဖြစ်ကြောင်း၊ စင်ကာပူနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံအကြား ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများအတွက် ယုံကြည်စိတ်ချရသည့် အချက်အလက်များဖြစ်စေခြင်းဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ငွေကြေးထောက်ပံ့မှု

များကို ပိုမိုဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ FTC စတင်ဆောင်ရွက်မှုသည် ကုန်သွယ်မှုနှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ၊ ရေရှည်တည်တံ့သည့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုစသည်တို့ကိုမြှင့်တင်ရန်ဟူသည့် နှစ်နိုင်ငံ၏ ကတိကဝတ်ကို အလေးပေးဆောင်ရွက်ခြင်းဖြစ်ကြောင်း” NBC Governor ဖြစ်သူ H.E. Dr. Serey Chea က ပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံအနေဖြင့် FTC ဆောင်ရွက်ခြင်းသည် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အများစုလိုလားချက်ဖြစ်သည့် ငွေကြေးရရှိနိုင်မှုလွယ်ကူစေခြင်း၊ ဈေးကွက်ရရှိစေခြင်းတို့အတွက် တစ်ဖက်တစ်လမ်းမှ အကူအညီပေးသည့် ဆောင်ရွက်မှုတစ်ခုဖြစ်သည်။

ရင်းမြစ်။ Monetary Authority of Singapore,
(သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး၊ စင်ကာပူ)
Source: https://myantrade.gov.mm/article/STP(Ygn)_20062024_13:19

## အမေရိကန်နိုင်ငံ၏ ရေနံစိမ်း Inventory သည် ယခင်ရက်သတ္တပတ်အတွင်း မြင့်တက်ခဲ့

အမေရိကန်နိုင်ငံရှိ ရေနံစိမ်း Inventory သည် ယခင်ရက်သတ္တပတ်အတွင်း မြင့်တက်ခဲ့ကြောင်း Wall Street Journal အွန်လိုင်းသတင်းတွင် ၂၀၂၄ ခုနှစ် ဇွန်လ ၅ ရက်၌ “U.S. Crude Oil Inventories Rose Last Week” ခေါင်းစဉ်ဖြင့်ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ၏ ရေနံစိမ်း Inventory သည် ဓာတ်ဆီနှင့် လောင်စာဆီသိုလှောင် ထိန်းသိမ်းထားသည့် ပမာဏများကဲ့သို့ မြင့်တက်ခဲ့ကြောင်း အမေရိကန်စွမ်းအင်အချက်အလက်များအုပ်ချုပ်ရေးဌာန (U.S. Energy Information Administration – EIA) ၏ ထုတ်ပြန်ချက်အရသိရသည်။ မဟာဗျူဟာအရ အရန်သိုလှောင် ထိန်းသိမ်းထားသည့် ရေနံစိမ်းပမာဏကို ထည့်သွင်းတွက်ချက်ထားခြင်းမပြုဘဲ ရောင်းဝယ်ရန်အတွက် သိုလှောင် ထားသည့် ရေနံစိမ်းပမာဏသည် မေလ ၃၁ ရက်တွင် စည်ပေါင်း ၁ ဒသမ ၂ သန်းတိုးလာခဲ့ရာ စည်ပေါင်း ၄၅၅ ဒသမ ၉ သန်းအထိ မြင့်တက်လာခဲ့ကြောင်း၊ ဤသို့မြင့်တက်ခဲ့သည့်ပမာဏသည် ယခင် ၅ နှစ် ပျမ်းမျှ Inventories နှင့်နှိုင်းယှဉ်ပါက ၄ ရာခိုင်နှုန်းအထိ လျော့ကျလျက်ရှိသေးကြောင်း၊ အရန်သိုလှောင်ထိန်းသိမ်းထားသည့် ရေနံစိမ်းပမာဏသည် စည်ပေါင်း ၈၉၈,၀၀၀ တိုးလာခဲ့သဖြင့် ရေနံစိမ်းစည်ပေါင်း ၃၇၀ ဒသမ ၂ သန်း အထိရှိလာခဲ့ကြောင်း၊ အမေရိကန်နိုင်ငံ၏ ရေနံစိမ်းအမျိုးအစားတစ်ခုဖြစ်သည့် Nymex ဖြန့်ဝေရာ အဓိကနေရာဖြစ်သည့် အိုကလာဟိုးမားပြည်နယ် Cushing မြို့ရှိ ရေနံစိမ်းသိုလှောင်ထားမှုပမာဏသည် စည်ပေါင်း ၈၅၄,၀၀၀ မြင့်တက်ခဲ့ရာ စည်ပေါင်း ၃၅ ဒသမ ၄ သန်းအထိ ရှိလာခဲ့ကြောင်း၊ ရေနံစိမ်းသန့်စင်မှုမှာ ၉၅ ဒသမ ၄ ရာခိုင်နှုန်းမှ ၉၄ ဒသမ ၃ ရာခိုင်နှုန်းသို့ ရက်သတ္တပတ် ၅ ပတ်ဆက်တိုက်မြင့်တက်ခဲ့ကြောင်းသိရသည်။

အမေရိကန်နိုင်ငံ၏ ရေနံစိမ်းထုတ်လုပ်မှုသည် ယခင်ရက်သတ္တပတ်အတွင်း ထုတ်လုပ်ခဲ့သည့် ပမာဏဖြစ်သောတစ်ရက်လျှင် စည်ပေါင်း ၁၃ ဒသမ ၁ သန်းအတိုင်း ထုတ်လုပ်လျက်ရှိသည်ဟု EIA ကဆိုကြောင်း၊ အမေရိကန်နိုင်ငံ၏ ရေနံစိမ်းသွင်းကုန်သည် တစ်ရက်လျှင် စည်ပေါင်း ၂၈၉,၀၀၀ အထိတိုးလာခဲ့သော်လည်း ပို့ကုန်မှာတစ်ရက်လျှင်စည်ပေါင်း ၂၇၆,၀၀၀ အထိ မြင့်တက်ခဲ့ကြောင်း သွင်းကုန်နှင့်ပို့ကုန် မျှခြေကိုက်လျက်ရှိကြောင်း သိရသည်။ ဓာတ်ဆီ Inventory သည် စည်ပေါင်း ၂ ဒသမ ၁ သန်း မြင့်တက်ခဲ့သဖြင့် စုစုပေါင်း လက်ကျန်စည်ပေါင်း ၂၃၀ ဒသမ ၉ သန်းအထိ ရှိလာခဲ့ကြောင်းနှင့်ယင်းကျဆင်းမှုသည် ယခင် ၅ နှစ် အတွင်းပျမ်းမျှ ဓာတ်ဆီ Inventory အောက် တစ်ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

၂၀၂၄ ခုနှစ်၊ မေလ ၁၇ ရက်တွင် ထုတ်ပြန်ခဲ့သည့် အချက်အလက်အများအရ ရေနံစိမ်း Inventory သည် စည်ပေါင်း ၁ ဒသမ ၈ သန်းတိုးလာခဲ့ရာ စည်ပေါင်း ၄၅၈ ဒသမ ၈ သန်းအထိ မြင့်တက်လာခဲ့ကြောင်းနှင့် အမေရိကန်နိုင်ငံတွင် ရေနံစိမ်းသိုလှောင်ထိန်းသိမ်းထားသည့် လက်ကျန်ပမာဏမှာ ဆက်တိုက်မြင့်တက်လျက် ရှိပါကြောင်း သိရသည်။

(စီးပွားရေးသံမှူး၊ ဝါရှင်တန်ဒီစီ)
Source: https://myantrade.gov.mm/article/Naypyitawstp_100620241040

## ဂျပန်အစိုးရအနေဖြင့် ဂျပန်နိုင်ငံအား နိုင်ငံတကာဘဏ္ဍာရေးစင်တာအဖြစ် ဖော်ဆောင်နိုင်ရေးအတွက် အထူးဇုန်များတည်ထောင်

ဘဏ္ဍာရေးနှင့် ပိုင်ဆိုင်မှုစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများအတွက် အထူးဇုန်များအဖြစ် ဂျပန်နိုင်ငံရှိ တိုကျိုခရိုင်နှင့် တိုကျိုမြို့၊ အိုဆာကာခရိုင်နှင့် အိုဆာကာမြို့၊ ဖူကူအိုကာခရိုင်နှင့် ဖူကူအိုကာမြို့နှင့် ဟော့ကိုင်းဒိုးခရိုင်နှင့် ဆာပိုရိုမြို့တို့ကို သတ်မှတ်ခဲ့သည်။

အဆိုပါသတင်းတွင် ဂျပန်အစိုးရအနေဖြင့် ဂျပန်နိုင်ငံအား ပိုင်ဆိုင်မှုစီမံခန့်ခွဲမှုဆိုင်ရာဗဟိုဌာန ဖြစ်စေရေးအတွက် အထူးဇုန်များကို တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဂျပန်နိုင်ငံ၏စီးပွားရေးဝန်းကျင်အခြေအနေ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ပြည်ပနိုင်ငံများမှ ဘဏ္ဍာရေးအဖွဲ့အစည်းများနှင့် ပိုင်ဆိုင်မှု စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ ဂျပန်နိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ကုမ္ပဏီတည်ထောင်ရာတွင် လုပ်ငန်းစဉ်အားလုံးကို အင်္ဂလိပ်ဘာသာဖြင့် အလွယ်တကူတည်ထောင်နိုင် ရေးအတွက် လုပ်ငန်းစဉ်အသစ်များထုတ်ပြန်ပေးခြင်းအပါအဝင် စည်းမျဉ်းများဖြေလျှော့ပေးခြင်းများကို မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းပေါ်ထွန်းစလုပ်ငန်းများကို ပံ့ပိုးပေးနိုင်မည့်သူများအတွက်လည်း ဗီဇာစည်းမျဉ်းအသစ်များထုတ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။

အထူးဇုန်များအဖြစ် သတ်မှတ်ထားသည့် ဒေသများအနေဖြင့် ဒေသအလိုက်စီမံကိန်းများကို ပြန်လည်ပြင်ဆင်ခြင်း၊ စည်းမျဉ်းမူဘောင်ဆိုင်ရာပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ခြင်းနှင့် ဒေသအလိုက်အားသာချက်များကို အကျိုးရှိစွာ အသုံးချနိုင်မည့်စနစ်များကို ကျင့်သုံးဆောင်ရွက်စေလိုကြောင်း ဝန်ကြီးချုပ်ခီရှိဒက ပြောကြားထားကြောင်း ဖော်ပြထားသည်။

ဂျပန်အစိုးရအနေဖြင့် ဂျပန်နိုင်ငံအား နိုင်ငံတကာဘဏ္ဍာရေးစင်တာအဖြစ် ဖော်ဆောင်နိုင်ခြင်းဖြင့် နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုများပိုမိုဝင်ရောက်လာစေရေး မျှော်လင့်လျက်ရှိကြောင်း ဖော်ပြထားသည်။

Source: NHK World Japan (၅-၆-၂၀၂၄),

(သူဇာဖြိုး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_07062024_15:02

## ဗီယက်နမ်နိုင်ငံ၏ ရေတ်ကောင်းတင်ပို့မှုအတွက် အမေရိကန်ဒေါ်လာ သန်း ၅၀၀ နီးပါးရရှိ

ဗီယက်နမ်နိုင်ငံ၏ ငရုတ်ကောင်းတင်ပို့မှုသည် ယခုနှစ် ပထမ(၅)လတာကာလတွင် အမေရိကန်ဒေါ်လာ ၄၉၃ ဒသမ ၁ သန်းတန်ဖိုးရှိသည့် ငရုတ်ကောင်းတန်ချိန် ၁၁၄၄၂၄ တန်တင်ပို့ခဲ့ပြီး လွန်ခဲ့သည့်နှစ် ကာလတူထက် ပမာဏအားဖြင့် ၁၃ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ၂၀ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်းသိရသည်။ အနက်ရောင် ငရုတ်ကောင်း၏ ပျမ်းမျှတင်ပို့မှုတန်ဖိုးမှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၄၁၉၇ ရှိပြီး အဖြူရောင်ငရုတ်ကောင်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၈၀၄ ရှိကြောင်း၊ လွန်ခဲ့သည့်နှစ်၏ တူညီသည့်ကာလထက် အမေရိကန်ဒေါ်လာ ၇၅၄ နှင့် အမေရိကန်ဒေါ်လာ ၈၄၉ စသည်ဖြင့် အသီးသီးမြင့်တက်ခဲ့ကြောင်းသိရသည်။

အမေရိကန်နိုင်ငံသည် တန်ချိန် ၃၀,၄၆၆ တန်ဖြင့် အကြီးမားဆုံးတင်သွင်းသူဖြစ်ပြီး စုစုပေါင်းပမာဏ၏ ၂၆ ဒသမ ၆ ရာခိုင်နှုန်းတင်သွင်းခဲ့ခြင်းဖြစ်ပြီး လွန်ခဲ့သည့်နှစ်၏ တူညီသည့်ကာလထက် ၄၄ ဒသမ ၄ ရာခိုင်နှုန်းတိုးမြင့်တင်သွင်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ အီတလီ၊ ဂျာမနီ၊ ရုရှားတို့မှာလည်း ၁၇ ရာခိုင်နှုန်း၊ ၁၀၃ ဒသမ ၂ ရာခိုင်နှုန်းနှင့် ၄၉ ဒသမ ၇ ရာခိုင်နှုန်းတို့ဖြင့် ကြီးမားစွာ ပိုမိုတိုးမြှင့်ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ဗီယက်နမ်နိုင်ငံသည် ငရုတ်ကောင်းတင်ပို့မှုကို အမေရိကန်၊ အိန္ဒိယ၊ ဂျာမနီ၊ နယ်သာလန်၊ တောင်ကိုရီးယားနှင့် အီဂျစ်တို့၏ဈေးကွက်များသို့ အရောင်းမြှင့်တင်မှုပြုလုပ်ခဲ့ခြင်းဖြစ် ကြောင်းသိရသည်။

ဈေးကွက်များစွာသို့တင်ပို့မှုမှာ ပမာဏနှင့်တန်ဖိုးတို့တွင် သိသာစွာမြင့်တက်ခဲ့ကြောင်းသိရသည်။ ဗီယက်နမ်နိုင်ငံ ငရုတ်ကောင်းနှင့် ဟင်းခတ်အမွှေးအကြိုင်အသင်း၏ ပြောကြားချက်အရ ယခုနှစ်အတွက် ဗီယက်နမ်နိုင်ငံ၏ ငရုတ်ကောင်း ထုတ်လုပ်မှုပမာဏမှာ ခန့်မှန်းတန်ချိန် ၁၇၀,၀၀၀ တန်ဖြင့် လွန်ခဲ့သည့်နှစ်ထက် ၁၀ ရာခိုင်နှုန်းလျော့နည်းနိုင်ကြောင်းနှင့် အဆိုပါပမာဏသည် ၅ နှစ်အတွင်း အနိမ့်ဆုံးဖြစ်ကြောင်းသိရသည်။ ထို့ပြင် တခြားငရုတ်ကောင်းတင်ပို့သည့်နိုင်ငံများဖြစ်သည့် ဘရာဇီး၊ အင်ဒိုနီးရှား၊ အိန္ဒိယနှင့် အသေးစားထုတ်လုပ် ကြသည့် မလေးရှားနှင့် သီရိလင်္ကာနိုင်ငံတို့တွင်လည်း ထုတ်လုပ်မှု ကျဆင်းနေကြောင်းသိရသည်။

Source: Vietnam Plus,

Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_14062024_418

## ယူကေနိုင်ငံမှ ရွှေ ၁၀၀ မက်ထရစ်တန်အား ပြည်တွင်းရှိ ရွှေတိုက်များသို့ပြောင်းရွှေ့ခဲ့သည့် အိန္ဒိယနိုင်ငံ

အိန္ဒိယနိုင်ငံသည် ယူကေနိုင်ငံမှ ရွှေ ၁၀၀ မက်ထရစ်တန်အား ပြည်တွင်းရှိ ရွှေတိုက်များသို့ ပြောင်းရွှေ့ခဲ့ ကြောင်း The Hindu သတင်းဌာနက မေလ ၃၁ ရက်နေ့က ဖော်ပြသည်။

အိန္ဒိယနိုင်ငံတွင် အဆိုပါပမာဏသည် ၁၉၉၁ ခုနှစ်မှစ၍ကြည့်လျှင် အများဆုံးရွှေ့ပြောင်းမှုတစ်ခုဖြစ်ကာ အဆိုပါ ကာလက တိုင်းပြည်၏နိုင်ငံခြားငွေလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ပြည်တွင်းမှ ရွှေအမြောက်အမြားကို ပြည်ပရှိ ဘဏ်များသို့ လွှဲပြောင်းခဲ့ဖူးကြောင်း သိရသည်။

၂၀၂၄ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံ၏ ရွှေသားကိုင်ဆောင်မှုသည် ၂၇ ဒသမ ၄၆ မက်ထရစ်တန်သို့ တိုးမြင့်လာခဲ့ပြီး၊ စုစုပေါင်းအရန်ရွှေသားကိုင်ဆောင်မှု ၈၂၂ မက်ထရစ်တန်ရှိကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

အိန္ဒိယနိုင်ငံသည် ရွှေကဲ့သို့အဖိုးတန်ပစ္စည်းပမာဏအများစုကို ပြည်ပတွင်ထားရှိကြောင်းနှင့် အင်္ဂလန်ဘဏ်ကဲ့သို့ အခြားနိုင်ငံများရှိဘဏ်များ၌ အပ်နှံထားလေ့ရှိကြောင်း သတင်းရင်းမြစ်တစ်ခုက ပြောကြားသည်။

ယခုအခါ ရွှေသား ၁၀၀ မက်ထရစ်တန်အား ပြည်တွင်းသို့ ပြန်လည်ပြောင်းရွှေ့ခဲ့သည့်အတွက် ပြည်တွင်းရွှေတိုက်များ ရှိ စုစုပေါင်းရွှေသားပမာဏမှာ ၄၀၈ မက်ထရစ်တန်ကျော်ရှိမည်ဖြစ်ကာ ပြည်တွင်းပြည်ပ နှစ်ရပ်စလုံး၌ထားရှိသော အရန် ရွှေသားပမာဏမှာ ညီမျှသွားဖွယ်ရှိသည်ဟု အဆိုပါသတင်းရင်းမြစ်က ပြောကြားသည်။

မေလ ၃၀ ရက်နေ့က ထုတ်ပြန်သော အိန္ဒိယဗဟိုဘဏ်၏အစီရင်ခံစာတွင် ငွေစက္ကူများ ရိုက်နှိပ် ထုတ်ဝေခြင်းအတွက် ကျောထောက်နောက်ခံအဖြစ် ရွှေသား ၃၀၈ မက်ထရစ်တန်ကျော်အား ကိုင်ဆောင်ထား ကြောင်းနှင့် အခြားရွှေသား ၁၀၀ ဒသမ ၂၈ မက်ထရစ်တန်အား ဘဏ်လုပ်ငန်းဆိုင်ရာရပိုင်ခွင့်အဖြစ် ပြည်တွင်း၌ ကိုင်ဆောင်ထားရှိကြောင်း ဖော်ပြထားသည်။

ထို့ကြောင့် နိုင်ငံတွင်း၌ စုစုပေါင်းအရန်ရွှေသားကိုင်ဆောင်မှုမှာ ၄၁၃ ဒသမ ၇၉ မက်ထရစ်တန်ရှိကြောင်း အဆိုပါ အစီရင်ခံစာအရ သိရသည်။

အိန္ဒိယနိုင်ငံသည် ပြီးခဲ့သည့်နှစ်များအတွင်း ရွှေသားအမြောက်အများကိုဝယ်ယူခဲ့ကာ ပြည်ပ၌ထားရှိသော အရန် ရွှေသားအချို့အား ပြည်တွင်းသို့ ပြန်လည်လွှဲပြောင်းရယူခဲ့ခြင်းသည် ပုံမှန်သုံးသပ်ချက်နှင့် လုပ်ထုံး လုပ်နည်းတစ်ရပ်သာဖြစ် ကြောင်း သိရသည်။

၂၀၀၉ ခုနှစ်က အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့(IMF)မှ ရွှေသား ၂၀၀ မက်ထရစ်တန်အား ဝယ်ယူခဲ့ပြီးနောက် အခြားသောဒုတိယအဆင့်ဈေးကွက်များ(secondary market)မှတစ်ဆင့် ရွှေသားများကိုဝယ်ယူကာ ၎င်း၏ နိုင်ငံခြားငွေရပိုင် ခွင့်များအား ပုံစံခွဲခြား၍ ရင်းနှီးမြှုပ်နှံလုပ်ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါရွှေများကို လွှဲပြောင်းရယူရာတွင် တန်ဖိုးအားဖြင့်ကြီးမြင့်သည့်အတွက် အိန္ဒိယဘဏ္ဍာရေးဝန်ကြီးဌာန၊ အိန္ဒိယ ဗဟိုဘဏ်နှင့် အခြားဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အတူတကွပူးပေါင်း၍ ကိုင်တွယ်ဆောင်ရွက်ဖွယ်ရှိကြောင်း အဆိုပါ သတင်းရင်းမြစ်က ဖော်ပြသည်။

ယခုအခါ အိန္ဒိယနိုင်ငံသည် အဆိုပါအရန်ရွှေသားများကို မွန်ဘိုင်းနှင့် Nagpur ရှိ လုံခြုံရေးအဆင့်မြင့်မားသော ရွှေတိုက် များ၌ သိုလှောင်ထားရှိကြောင်းသိရသည်။

ရည်ညွှန်း။ The Hindu, India moves 100 metric tonnes of gold from U.K. to domestic vaults, May 31, 2024 ,
(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_10062024_13:35

## တရုတ်နိုင်ငံသို့ တင်ပို့မှုမြင့်တက်လာခြင်းကြောင့် ကမ္ဘာတစ်ဝန်း မက္ကဒေးမီးယားထုတ်လုပ်မှု မြင့်တက်လာ

ကမ္ဘာ့မက္ကဒေးမီးယားအဖွဲ့မှ မကြာသေးမီက ထုတ်ပြန်ခဲ့သော အချက်အလက်များအရ ၂၀၂၄ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း မက္ကဒေးမီးယားထုတ်လုပ်မှုသည် သိသိသာသာ တိုးတက်လာကြောင်း၊ ဩစတြေးလျ၊ ကင်ညာနှင့် ဂွာတီမာလာတို့တွင် ထုတ်လုပ်မှုကျဆင်းနေသော်လည်း မက္ကဒေးမီးယားထုတ်လုပ်သည့် ကျန်နိုင်ငံများအားလုံး၏ အထွက်နှုန်းသည် ၁၀ ရာခိုင်နှုန်း ပိုမိုတိုးတက်လာကြောင်း၊ တစ်ကမ္ဘာလုံးရှိ မက္ကဒေးမီးယားအစေ့အဆန် ထုတ်လုပ်မှုသည် ၂၀၂၂ ခုနှစ်တွင် မက်ထရစ်တန် ၂၉၈,၉၁၄ ရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် မက်ထရစ်တန် ၃၁၉,၃၀၆ အထိ တိုးလာခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ပြည်တွင်းမက္ကဒေးမီးယားအစေ့ထုတ်လုပ်မှုသည် ၂၀၂၂ ခုနှစ်တွင် တန်ချိန် ၆၂,၅၀၀ ရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် မက်ထရစ်တန် ၅၆,၀၀၀ သို့ ကျဆင်းသွားသော်လည်း မက္ကဒေးမီးယားတင်သွင်းမှု အထူးသဖြင့် ကင်ညာနိုင်ငံမှ တင်သွင်းမှုသည် လျင်မြန်စွာတိုးတက်လာခဲ့ကြောင်း၊ တရုတ်အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ အချက်အလက်များအရ ၂၀၂၁ ခုနှစ်တွင် တရုတ်နိုင်ငံသည် ကင်ညာနိုင်ငံမှ မက္ကဒေးမီးယားအစေ့ တန် ၁၀၀ ခန့်၊ တန်ဖိုးအားဖြင့်

တရုတ်ယွမ် ၁ ဒသမ ၆၅ သန်း (အမေရိကန်ဒေါ်လာ ၂၂၈,၀၀၀) နှင့် အခွံပါ မက္ကဒေးမီးယား ၂၄၈ တန်၊ ယွမ် ၁၇ ဒသမ ၄၅ သန်း (အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၁ သန်း)ဖိုး တင်သွင်းခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်တွင် မက္ကဒေးမီးယားအစေ့ ၉၄၉ တန် နှင့် အခွံပါ မက္ကဒေးမီးယားအစေ့ ၆၀၉ တန်၊ တန်ဖိုးအားဖြင့် စုစုပေါင်း ယွမ် ၇၃ ဒသမ ၇၄ သန်း (အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၂ သန်း) အထိ မြင့်တက်လာခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ကင်ညာနိုင်ငံမှ မက္ကဒေးမီးယားတင်သွင်းမှု အဆ ၂၀ ခန့် တိုးလာခဲ့ကြောင်း၊ ယခင်က တန်ချိန် ၄၀၀ ခန့်သာရှိခဲ့ရာမှ လက်ရှိတွင် ၇,၅၉၅ တန်အထိ တိုးလာခဲ့ကြောင်း သိရသည်။

Kenya's Nuts and Oil Crops Directorate မှ ထုတ်ပြန်သော စာရင်းဇယားများအရ မက္ကဒေးမီးယား သီးနှံကို ခာတ်သတ္တုကြွယ်ဝသော ကုန်းပြင်မြင့်ဒေသ၌ ဟက်တာ ၁၈,၀၀၀ ခန့်တွင် စိုက်ပျိုးထားကြောင်း၊ မကြာသေးမီနှစ်များအတွင်း ကင်ညာသည် ဩစတြေးလျနှင့် တောင်အာဖရိကပြီးလျှင် ကမ္ဘာ့တတိယအကြီးဆုံး မက္ကဒေးမီးယား တင်ပို့သူဖြစ်လာကြောင်း၊ ကင်ညာနိုင်ငံသည် ၎င်း၏ မက္ကဒေးမီးယား စုစုပေါင်းထွက်ရှိမှု၏ ၉၃ ရာခိုင်နှုန်းကျော်ကို ပြည်ပသို့တင်ပို့နေပြီး အမေရိကန်၊ ဂျာမနီ၊ နယ်သာလန်နှင့် တရုတ် (ဟောင်ကောင် အပါ အဝင်) သို့ အဓိကတင်ပို့လျက်ရှိကြောင်း သိရသည်။

World Macadamia Organisation ၏ အဆိုအရ ကင်ညာနိုင်ငံ၏ မက္ကဒေးမီးယား ထုတ်လုပ်မှုသည် ၂၀၂၃ ခုနှစ်တွင် ယခင်နှစ်ထက် ၃ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး စုစုပေါင်း တန်ချိန် ၄၁,၁၅၀ ရှိကြောင်း၊ သို့သော် အလယ်ပိုင်းကုန်းမြင့်ဒေသတွင် စိုက်ပျိုးရာသီတစ်လျှောက် မိုးရွာသွန်းမှုများပြားသဖြင့် ၂၀၂၄ ခုနှစ်တွင် မက္ကဒေးမီးယားထုတ်လုပ်မှု ၁၂ ရာခိုင်နှုန်း တိုးလာကာ အရည်အသွေးလည်း သိသိသာသာ တိုးတက်လာမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

Source: https://www.producereport.com/article/global-macadamia-production-increases-exports-china-soar

(စီးပွားရေးသံမှူး၊ နန်နင်းမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_170620241150

## ထိုင်းနိုင်ငံ၏ Soft Power ကို မြှင့်တင်နိုင်ရေးအတွက် အနုပညာနှင့် လက်မှုပညာများကို စီးပွားရေးအရ အကျိုးဝင်စေနိုင်ရေးဖန်တီးသွားရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးက လမ်းညွှန်မှာကြား

ထိုင်းနိုင်ငံ၏ အနုပညာနှင့် လက်မှုပညာများကို နိုင်ငံတကာအသိုက်အဝန်းက အသိအမှတ်ပြုလာပြီဖြစ်၍ ယင်းတို့ကို စီးပွားရေးအရ အကျိုးဝင်စေရေးအတွက် မြှင့်တင်ဆောင်ရွက်သွားရန် ထိုင်းနိုင်ငံ၏ စဉ်ဆက်မပြတ်သော အနုပညာနှင့် လက်မှုပညာအင်စတီကျူ (Sustainable Arts and Crafts Institute of Thailand- SACIT) ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး Mr. Phumtham Wechayachai က လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

အင်စတီကျူက ဝန်ကြီးဌာနနှင့် ပေါင်းစပ်၍ လူသိများသော လက်မှုပညာဖန်တီးရှင်များနှင့် ၎င်းတို့၏ အဝန်းအဝိုင်းကို မြှင့်တင်လိုကြောင်း၊ SACIT သည် ထိုင်းအနုပညာနှင့် လက်မှုပညာများ၏ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်နှင့်ထောက်ကူပေးရန်၊ Soft power ကို တွန်းပို့ပေးနိုင်မည့် အရည်အသွေးမီထုတ်ကုန်များ ထုတ်လုပ်ရန်အတွက် လက်မှုပညာဖန်တီးသူများ၏ ဖန်တီးနိုင်မှုစွမ်းရည်ကို ခိုင်မာအားကောင်းစေရန် ဆောင်ရွက်ပေးသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကြီးကြပ်လျက်ရှိသည့် အစိုးရအဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် လက်မှုပညာရှင် အမျိုးသား၊ အမျိုးသမီးတို့၏ ဝင်ငွေကိုမြှင့်တက်စေပြီး စီးပွားရေးကို တွန်းအားပေးရာရောက်ကြောင်း အင်စတီကျူက ဖော်ပြထားသည်။

အင်စတီကျူအနေဖြင့် ထိုင်းနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်နှင့် အထောက်အထားကို ပြသနိုင်မည့် လက်မှုပစ္စည်းများကို ခေတ်နှင့်လျော်ညီစွာ ဖန်တီးနိုင်သော မျိုးဆက်သစ်ဖန်တီးသူများကို မွေးထုတ်ပေးသင့်ကြောင်း၊ အစိုးရအနေဖြင့် ထိုင်းအနုပညာနှင့် လက်မှုပညာများကို မြှင့်တင်ခြင်းဖြင့် Soft Power ကို ဦးစားပေးလျက်ရှိကြောင်း ဝန်ကြီးက ဖြည့်စွက်ပြောကြားသည်။

အင်စတီကျူသည် ခရီးသွားလုပ်ငန်းကို မြှင့်တင်နိုင်သော ထိုင်းအနုပညာနှင့် လက်မှုပညာများအတွက် လေ့လာရေး စင်တာတစ်ခုဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ လက်မှုပညာထုတ်ကုန်များမှ ပို့ကုန် ဘတ် ၃၄၀ ဘီလီယံရှိခဲ့ကြောင်း၊ ပို့ကုန်တန်ဖိုးအများဆုံး ထုတ်ကုန် ၅ မျိုးမှာ ရွှေအဆင်တန်ဆာ၊ ငွေထည်၊ ပရိဘောဂပစ္စည်းများ၊ ခရီးသွားပစ္စည်းများနှင့် ချည်ထည်များဖြစ်ကြောင်း၊ အမေရိကန်သည် ပို့ကုန်တန်ဖိုး ဘတ် ၉၄ ဘီလီယံဖြင့် ထိုင်းလက်မှုထုတ်ကုန်များ၏ အကြီးဆုံးပို့ကုန် စျေးကွက်ဖြစ်ပြီး ယင်းနောက် ဟောင်ကောင်က ဘတ် ၂၇ ဘီလီယံ ၊ ဂျပန်က ဘတ် ၂၁ ဘီလီယံ၊ ဂျာမနီက ဘတ် ၂၀ ဘီလီယံနှင့် ယူကေ က ဘတ် ၁၆ ဘီလီယံ ပို့ကုန်တန်ဖိုးအသီးသီးရှိကြောင်း ထုတ်ပြန်ထားချက်အရ သိရသည်။

Source: www.bangkokpost.com,

သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။

Source: https://myantrade.gov.mm/article/Npt-260620240930

# ဂျာမနီစီးပွားရေးဝန်ကြီး Mr. Habeck တရုတ်နိုင်ငံတွင် ရောက်ရှိနေစဉ်အတွင်း အခွန်စည်းကြပ်မှုဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ပြောကြား

ဂျာမနီနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်နှင့် စီးပွားရေးဝန်ကြီးဖြစ်သူ Mr. Robert Habeck သည် ဥရောပသမဂ္ဂ (EU) တွင် ရောင်းချလျက်ရှိသော တရုတ်နိုင်ငံမှ လျှပ်စစ်ကားများ (EVs) အပေါ် သွင်းကုန်အခွန်မြင့်မားစွာ စည်းကြပ်တော့မည်ဟု မကြာသေးမီကာလအတွင်းက သတင်းများထွက်ပေါ်လာပြီး တင်းမာမှုများရှိနေစဉ် ၂၀၂၄ ခုနှစ် ဇွန်လ ၂၁ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့သို့ သုံးရက်ကြာ အလည်အပတ်ခရီးသွား ရောက်ခဲ့သည်။

ဥရောပသမဂ္ဂမှ အခွန်ကောက်ခံမှုဆိုင်ရာ အဆိုပြုချက်ကို ကြေညာပြီးသည့်နောက် Mr. Habeck သည် တရုတ်နိုင်ငံသို့ ပထမဆုံးလာရောက်ခဲ့သည့် ဥရောပ၏ အဆင့်မြင့်ဝန်ကြီးဖြစ်ကြောင်း ဖော်ပြထားသည်။ တရုတ်နိုင်ငံတွင် ကားထုတ်လုပ်သူများအား အစိုးရက ထောက်ပံ့မှုများ စီစဉ်ဆောင်ရွက်ပေးနေမှုသည် ဥရောပရှိ ကားထုတ်လုပ်သူများအတွက် မမျှတမှုများကို ဖြစ်စေခဲ့သည်ဟု EU က ထောက်ပြထားခဲ့သည်။

ဥရောပမှ တင်သွင်းလာသော လောင်စာဆီသုံး မော်တော်ကားများအပေါ် တင်သွင်းခွန်များကို တိုးမြှင့်ကောက်ခံရန် တရုတ်နိုင်ငံရှိ မော်တော်ကားထုတ်လုပ်သူများက အစိုးရကို တိုက်တွန်းလျက်ရှိပြီး ကုန်သွယ်ရေးစစ်ပွဲဖြစ်ပေါ်လာနိုင်သည့် အရေးကို ခြိမ်းခြောက်နေသည့် ယင်းအဆိုပြုချက်အပေါ် တရုတ်အစိုးရက ဆန့်ကျင်ကန့်ကွက်ခဲ့သည်။

ဥရောပအနေဖြင့် ကုန်သွယ်ရေးပဋိပက္ခများကို ဆက်လက်အရှိန်မြှင့်နေသည့်အတွက် ကုန်သွယ်ရေးစစ်ပွဲဖြစ်ပေါ်လာနိုင်ကြောင်းနှင့် ဥရောပဘက်၌ တာဝန်အပြည့်အဝရှိမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ Ministry of Commerce ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

Mr. Habeck သည် ဥရောပ၏ အကြီးဆုံးစီးပွားရေးဖြစ်သော ဂျာမနီနိုင်ငံ၏ ပြောရေးဆိုခွင့်ရှိသူနှင့် တရုတ်စက်မှုလုပ်ငန်းများနှင့် ကောင်းမွန်နက်ရှိုင်းသော ဆက်ဆံရေးရှိသူဖြစ်ရာ အခွန်တိုးမြှင့်စည်းကြပ်မည့်ကိစ္စနှင့် စပ်လျဉ်း၍ ဖြစ်ပေါ်လာနိုင်သည့် တန်ပြန်အကျိုးသက်ရောက်မှုများကို လျှော့ချနိုင်ရန်နှင့် တရုတ်တို့လက်တုံ့ပြန်မည်ကို စိုးရိမ်နေကြသည့် ဂျာမန်ကားထုတ်လုပ်သူများအတွက်ပါ Mr. Habeck ၏ တရုတ်ခရီးစဉ်သည် အခွင့်အလမ်းတစ်ခုဖြစ်ကြောင်း တရုတ်နှင့် ဂျာမနီ နှစ်ဖက်စလုံးက ရှုမြင်ထားကြသည်။ ပြီးခဲ့သည့်နှစ်က ဂျာမနီမှ မော်တော်ကားတင်ပို့မှု စုစုပေါင်း၏ သုံးပုံတစ်ပုံမှာ တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ခြင်းဖြစ်သည်။

Habeck ကိုယ်တိုင်က ဂျာမနီက လက်ခံကျင့်သုံးနေသော တရုတ်မဟာဗျူဟာမှာ အမြင်ကျဉ်းမြောင်းပြီး ဥရောပနှင့် ထပ်တူမကျဟု ဝေဖန်ပြောဆိုခဲ့သည်။ ယမန်နှစ်က ထုတ်ပြန်ခဲ့သော ဂျာမန်မူဝါဒစာတမ်းတစ်ခုနှင့် စပ်လျဉ်း၍ Mr. Habeck က မဟာဗျူဟာတစ်ခုဆိုသည်မှာ အနာဂတ်ကို ကြည့်ရမည်ဖြစ်ကြောင်း၊ မျှော်လင့်ထားသည့်အတိုင်း မည်သည့်အခါမျှ ဖြစ်မလာစေကာမူ အနာဂတ်အတွက် လမ်းကြောင်းတစ်ခု အနည်းဆုံးဖော်ပြပေးထားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယခုကိစ္စမှာ ဂျာမန်အစိုးရ၏ တရုတ်မဟာဗျူဟာတစ်ခုဖြစ်ကြောင်း၊ လွဲမှားနေသည့်အရာမှာ ဥရောပဘက်မှ မည်သို့ဆောင်ရွက်သွားမည်ဟူသော ချဉ်းကပ်မှုမပါရှိကြောင်း၊ များမကြာမီတွင် update ပြုလုပ်ရန် လိုအပ်လာလိမ့်မည်ဖြစ်ကြောင်း Mr. Habeck က ထပ်လောင်းပြောကြားခဲ့သည်။ ထို့ပြင် ၎င်း၏ယခုခရီးစဉ်သည် ကုန်သွယ်ရေးတင်းမာမှုများကို ရပ်တန့်သွားစေမည်မဟုတ်ကြောင်း ဆက်လက်၍ ရှင်းလင်းပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ် ဇွန်လ ၂၂ ရက်တွင် စီးပွားရေးဝန်ကြီး Mr. Habeck က ဥရောပသမဂ္ဂအနေဖြင့် တရုတ်နိုင်ငံထုတ် လျှပ်စစ်ကားများ (EVs) များအပေါ်အခွန်စည်းကြပ်ခြင်းသည် တရုတ်နိုင်ငံအား ဒဏ်ခတ်ခြင်းမဟုတ်ကြောင်း၊ တရုတ်နိုင်ငံမှ ကားထုတ်လုပ်သူများက ဈေးပေါသောကားများကို ဥရောပဈေးကွက်သို့ အစုလိုက်အပြုံလိုက် တင်သွင်းလာခြင်းကြောင့် ယင်းသို့ဆောင်ရွက်မှုကို တုံ့ပြန်နိုင်ရေးအတွက် အီးယူက တရုတ် EV များ တင်သွင်းမှုအပေါ် အခွန်စည်းကြပ်ရန် အစီအမံများ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း၊ ယင်းအစီအမံများမှာ ပြစ်ဒဏ်သတ်မှတ်သည့် အခွန်စည်းကြပ်မှုများ မဟုတ်သည်ကို နားလည်လက်ခံရန် အရေးကြီးကြောင်း၊ ဥရောပကော်မရှင်အနေဖြင့် တရုတ်နိုင်ငံရှိ ကားထုတ်လုပ်သူများက အစိုးရ၏ ကြီးမားသော အထောက်အပံ့ဖြင့် အကျိုးအမြတ်များ မတရားရယူနေခြင်း ရှိ၊ မရှိကို ၉ လခန့် အချိန်ယူလေ့လာသုံးသပ်ပြီးမှ ယခုကဲ့သို့ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အီးယူက သေချာစွာသုံးသပ်ပြီးမှ ချမှတ်ခဲ့သော စည်းကြပ်မှုများဖြစ်သဖြင့် ယင်းကိုပြစ်ဒဏ်အနေဖြင့်မရှုမြင်ဘဲ တရုတ်ကားထုတ်လုပ်သူများအနေဖြင့် အစိုးရ၏ ထောက်ပံ့မှုများမှ ရရှိခဲ့သည့် အကျိုးကျေးဇူးအတွက် လျော်ကြေးတစ်ခုအနေဖြင့်သာ သတ်မှတ်သင့်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် Mr. Habeck က တရုတ်အရာရှိများအား ဥရောပရှိ မော်တော်ယာဉ်လုပ်ငန်းအား အဆင့်မြှင့်တင်နိုင်ရေးသည် ဥရောပသမဂ္ဂအတွက် အလွန်အရေးကြီးပါကြောင်းနှင့် တူညီသော စံချိန်၊ စံနှုန်းများဖြင့် ဈေးကွက်ဝင်ရောက်မှုကိုသာ လက်ခံသင့်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

China's National Development and Reform Commission ၏ ဥက္ကဋ္ဌဖြစ်သူ Mr. Zheng Shanjie က တရားမျှတမှုမရှိသော ထောက်ပံ့မှုများ ပြုလုပ်ခဲ့သည်ဟူသော စွပ်စွဲချက်များကို ငြင်းဆိုခဲ့ပြီး တရုတ်အစိုးရအနေဖြင့် တရုတ်ကုမ္ပဏီများအားလုံးကို ကာကွယ်နိုင်ရေး လုပ်ဆောင်နိုင်သမျှ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မော်တော်ယာဉ် ထုတ်လုပ်မှုလုပ်ငန်း တိုးတက်လာခြင်းသည် တရားမျှတမှုမရှိသော ပြိုင်ဆိုင်မှုမဟုတ်ကြောင်း၊ အစိုးရ၏ထောက်ပံ့မှုကြောင့်မဟုတ်ဘဲ ပြိုင်ဆိုင်မှုမှ ထွက်ပေါ်လာသောရလဒ်သာဖြစ်ကြောင်း၊ ယခုအဆိုပြုထားသော အခွန်စည်းကြပ်မှုသည် နှစ်ဖက်စလုံးကို ထိခိုက်နိုင်ကြောင်းနှင့် ဂျာမနီသည် ဥရောပသမဂ္ဂအတွင်း မှန်ကန်သည့်အရာများကိုသာလုပ်ဆောင်ခြင်းဖြင့် ဦးဆောင်မှုပြုသွားလိမ့်မည်ဟု ၎င်းအနေဖြင့် မျှော်လင့်ကြောင်း ယင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

Mr. Habeck အနေဖြင့် ဂျာမနီ၏ အဓိကကျသော စက်မှုလုပ်ငန်းများ တရုတ်နိုင်ငံအပေါ် မှီခိုနေခြင်းမှ နောက်ပြန်ဆုတ်ခြင်းဖြင့် ဆုံးရှုံးနိုင်ခြေများကိုလျှော့ချရန် ကြိုးစားနေချိန်တွင် ဂျာမန်ကုမ္ပဏီအချို့သည် တရုတ်နိုင်ငံတွင် ဆက်လက်ရင်းနှီးမြှုပ်နှံရန် ကြိုးပမ်းနေကြဆဲဖြစ်သဖြင့် နောက်ဆုတ်ရန်နှင့် ရှေ့တိုးရန် ကြိုးစားမှု နှစ်ခုမျှခြေဖြစ်နေသည်ကို တွေ့ရှိရသည်။

အခွန်စည်းကြပ်မှုအခြေအနေအား ရှောင်လွှဲနိုင်ရေးအတွက် အီးယူနှင့်တရုတ်အကြား ဆွေးနွေးမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း ဂျာမန်နှင့် တရုတ်တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် ဇွန်လ ၂၂ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။ တရုတ်နိုင်ငံသည် ယခုနှစ်မတိုင်မီအထိ ဂျာမနီ၏ ထိပ်တန်းကုန်သွယ်ဖက်နိုင်ငံအဖြစ် ၈ နှစ် ကြာရပ်တည်ခဲ့ကြောင်း၊ ယခုနှစ်တွင်မူ ဂျာမနီနှင့်အမေရိကန်ကြား ကုန်သွယ်မှုယူရို ၆၃ ဘီလီယံ (အမေရိကန် ဒေါ်လာ ၆၇ ဒသမ ၄ ဘီလီယံ) ရှိခဲ့ပြီး ဂျာမနီနှင့် တရုတ်တို့အကြား ကုန်သွယ်မှုမှာ ယူရို ဘီလီယံ ၆၀ သာရှိ ကြောင်းနှင့် ၂၀၂၄ ခုနှစ် မေလတွင် ဂျာမနီမှ တရုတ်နိုင်ငံသို့ တင်ပို့မှု၌ ၁၄ ရာခိုင်နှုန်းကျဆင်းသွားခဲ့ပြီး ဂျာမနီမှအမေရိကန်သို့တင်ပို့မှု၌ ၄ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း ဖော်ပြထားသည်။

Source: https://www.dw.com/en/germanys-habeck-in-china-to-talk-tariffs/a-69442665

https://www.dw.com/en/habeck-says-eu-tariffs-on-chinese-cars-not-a-punishment/a-69444858

စီးပွားရေးသံမှူး၊ ဘာလင်

Source: https://myantrade.gov.mm/article/Naypyitawstp_260620240930

## ထိုင်းနိုင်ငံနှင့် ဥရောပသမဂ္ဂတို့အကြား စတုတ္ထအကြိမ်မြောက် လွတ်လပ်သောကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲကို ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ကျင်းပသွားရန်ရှိ

ထိုင်းနိုင်ငံနှင့် ဥရောပသမဂ္ဂတို့အကြား စတုတ္ထအကြိမ်မြောက် လွတ်လပ်သောကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲကို နိုဝင်ဘာလ ၄ ရက်နေ့တွင် ထိုင်းနိုင်ငံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဇွန်လ ၁၇ ရက်နေ့မှ ၂၁ ရက်နေ့ထိ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် တတိယအကြိမ်မြောက် ဆွေးနွေးပွဲကို ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ စာချုပ်အတွက် ခြုံငုံဆွေးနွေးခဲ့ကြပြီး အုပ်စု ၂၀ ခု၏ ညှိနှိုင်းဆွေးနွေးမှုများပါဝင်ကြောင်း၊ အချက်အလက်နှင့် အမြင်ဖလှယ်ရေးအပါအဝင် လာမည့်လုပ်ငန်းစဉ်များအတွက် အချိန်ကာလသတ်မှတ်ခဲ့ကြောင်း၊ ကုန်သွယ်မှုညှိနှိုင်းရေးဦးစီးဌာနအနေဖြင့် ပါဝင်သူအားလုံးကိုဖိတ်ကြားရန် စီစဉ်ထားပြီး ညှိနှိုင်းမှု၏တိုးတက်မှုအခြေအနေနှင့် လာမည့်ညှိနှိုင်းအစည်းအဝေးများအတွက် အစီအစဉ်များ၏ နောက်ဆုံးအခြေအနေများကို တင်ပြသွားရန်ရှိကြောင်း ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် Ms. Chotima Iemsawasdikul က ပြောကြားခဲ့သည်။

အဖွဲ့ဝင်နိုင်ငံ ၂၇ နိုင်ငံဖြင့် ကမ္ဘာ့တတိယအကြီးဆုံးစီးပွားရေးရှိသော ဥရောပသမဂ္ဂဈေးကွက်သို့ ထိုင်းနိုင်ငံ၏ ကုန်သွယ်မှုအခွင့်အလမ်းများ တိုးမြှင့်ရန်ရည်ရွယ်၍ ထိုင်းနိုင်ငံအစိုးရအနေဖြင့် ထိုင်း-ဥရောပသမဂ္ဂ FTA ကို ဦးစားပေးသကဲ့သို့ ဥရောပသမဂ္ဂနှင့် အခြားသောဒေသများမှ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်လိုကြောင်း၊ ခက်ခဲနေပြီး ရှင်းလင်းရန်လိုအပ်နေသော ပြဿနာများမှာ အစိုးရဝယ်ယူရေး၊ ယှဉ်ပြိုင်မှုနှင့် အထောက်အပံ့များ၊ ကုန်သွယ်ရေး၊ စဉ်ဆက်မပြတ်သောဖွံ့ဖြိုးတိုးတက်မှု၊ စွမ်းအင်နှင့်ကုန်ကြမ်းပစ္စည်းများပင်ဖြစ်ကြောင်း၊ လာမည့်အစည်းအဝေးတွင် အဆိုပါပြဿနာများအပေါ် ဦးတည်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ်တွင် ဥရောပသမဂ္ဂသည် အာဆီယံ၊ တရုတ်၊ အမေရိကန်နှင့် ဂျပန်နိုင်ငံတို့ပြီးပါက ထိုင်းနိုင်ငံ၏ ပဉ္စမအကြီးဆုံး ကုန်သွယ်ရေးမိတ်ဖက်ဖြစ်ပြီး နှစ်နိုင်ငံကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၆ ဘီလီယံ ရှိခဲ့ကြောင်း၊ ယခုနှစ် ပထမ ၅ လအတွင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၈ ဘီလီယံရှိကြောင်း၊ ထိုင်းနိုင်ငံ၏ ပို့ကုန်သည် အမေရိကန်ဒေါ်လာ ၉ ဒသမ ၈ ဘီလီယံရှိပြီး ၃ ဒသမ ၇၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ထိုင်းနိုင်ငံ၏ သွင်းကုန်သည် အမေရိကန်ဒေါ်လာ ၈ ဒသမ ၂ ဘီလီယံရှိပြီး သုည ဒသမ ၉၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ထိုင်းနိုင်ငံ၏ အစားအစာနှင့် ပြုပြင်ပြီးအစားအစာ၊ မော်တော်ကားနှင့် ဆက်စပ်ပစ္စည်းများ၊ အထည်ချုပ်၊ လျှပ်စစ်ပစ္စည်းများ၊ ရော်ဘာလက်အိတ်များ၊

မျက်မှန်သုံးမှန်ဘီလူးများ၊ ကျောက်မျက်နှင့်လက်ဝတ်ရတနာများသည် ထိုင်း-ဥရောပသမဂ္ဂ FTA မှ အကျိုးကျေးဇူးများစွာခံစားရမည်ဟု မျှော်မှန်းထားကြောင်း သိရသည်။ Source: www.bangkokpost.com,
သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။
Source: https://myantrade.gov.mm/article/Npt-280620241015

## BIOFACH and VIVANESS 2025 အား လာမည့်နှစ် ဖေဖော်ဝါရီလအတွင်း ဂျာမနီနိုင်ငံ၊ Nuremberg မြို့တွင် ကျင်းပမည်

အော်ဂဲနစ်စားသောက်ကုန်များနှင့် သဘာဝနှင့်အော်ဂဲနစ်အလှကုန်များအတွက် နိုင်ငံတကာကုန်စည်ပြပွဲ ကြီးဖြစ်သည့် BIOFACH and VIVANESS 2025 ကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်မှ ၁၄ ရက်ထိ ဂျာမနီနိုင်ငံ၊ Nuremberg မြို့တွင် လေးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်သည်။ (Stand ငှားရမ်းခြင်းအပါအဝင် အသေးစိတ်အချက်အလက်များကို Source ရှိ Link များတွင် လေ့လာနိုင်သည်။)

BIOFACH ကို Nuremberg Messe GmbH က ကြီးမှူး၍ နှစ်စဉ် ကျင်းပလျက်ရှိရာ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့သော BIOFACH 2024 သို့ နိုင်ငံပေါင်း ၁၂၈ နိုင်ငံမှ စိတ်ပါ ဝင်စားသူ ၃၅,၀၀၀ နီးပါးခန့် လာရောက်ကြည့်ရှု လေ့လာခဲ့ကြသကဲ့သို့ စိတ်ပါဝင်စားသူဦးရေ ၁၀,၀၀၀ ခန့်ကလည်း BIOFACH and VIVANESS Digital Platform တွင် မှတ်ပုံတင်၍ Hybrid အနေအထားဖြင့် ပါဝင်ဆင်နွှဲခဲ့ကြသည်။

နိုင်ငံပေါင်း ၉၄ နိုင်ငံမှ လာရောက်ပြသသူ ၂,၅၅၀ ဦးက အော်ဂဲနစ် စားသောက်ကုန်များနှင့် အလှကုန်ပစ္စည်းများကို ပြခန်းများနှင့် Digital event platform များဖြင့် ခင်းကျင်းပြသခဲ့ကြသည်။ နိုင်ငံတကာမှ အော်ဂဲနစ် စားသောက်ကုန်များနှင့် သဘာဝအလှကုန်ပစ္စည်း ထုတ်လုပ်သည့် စက်ရုံများမှ ကိုယ်စားလှယ်များက Meeting point များ၌ အချင်းချင်း တွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်ခဲ့ကြကာ စိတ်ပါဝင်စားသူများကလည်း အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ကြသဖြင့် ပြပွဲလာရောက်ပြသကြသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများအတွက် အကျိုးကျေးဇူးရရှိစေနိုင်သော ပြပွဲတစ်ခုဖြစ်သည်။

၂၀၂၄ ခုနှစ်တွင် ကျင်းပခဲ့သော BIOFACH 2024 သို့ မြန်မာနိုင်ငံမှ လက်ဖက်ထုတ်လုပ်သည့် ကုမ္ပဏီများက ပြခန်းများ လာရောက်ခင်းကျင်းပြသခဲ့ကြပြီး စိတ်ပါဝင်စားသူများ၏ စုံစမ်းမေးမြန်းလာမှုများကို ဖြေကြားခဲ့ကြခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

BIOFACH တွင် အော်ဂဲနစ်ဈေးကွက်များမှ ထုတ်လုပ်သူများနှင့် တွေ့ဆုံခွင့်ရရှိနိုင်ပြီး အော်ဂဲနစ်ကဏ္ဍ၏ Latest Trends များကိုပါ စိတ်ပါဝင်စားစွာ လေ့လာနိုင်သဖြင့် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လိုသော၊ မိမိတို့၏ ထုတ်ကုန်များကို နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်နိုင်ရေး ကြိုးပမ်းအားထုတ်လိုသော မြန်မာနိုင်ငံမှ စားသောက်ကုန်ထုတ်လုပ်သော ကုမ္ပဏီများအနေဖြင့် လာရောက် လေ့လာပြသသင့်သော ကုန်စည်ပြပွဲကြီး တစ်ခုဖြစ်ကြောင်းနှင့် စီးပွားရေးသံမှူး၏ ယမန်နှစ် အတွေ့အကြုံအရ ကုမ္ပဏီတစ်ခု/ လုပ်ငန်းတစ်ခုလျှင် ပြခန်း တစ်ခန်းစီဖြင့် သီးခြားစီငှားရမ်းပြသရန် အခက်အခဲရှိပါကလည်း အချင်းချင်းစုဖွဲ့၍ လာရောက်ပြသနိုင်ရေး စီစဉ်ဆောင်ရွက်သင့်ကြောင်း သိရသည်။ Source: https://www.biofach.de/en
https://www.biofach.de/en/exhibit/book-your-stand,
(စီးပွားရေးသံမှူး၊ ဘာလင်)
Source:https://myantrade.gov.mm/article/Naypyitawstp_280620240930

## Can Tho ဒေသသည် ပထမအသုတ်အဖြစ် သရက်သီးစိမ်းများကို ဩစတြေးလျနှင့် အမေရိကန်သို့တင်ပို့

မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ Can Tho သည် ဩစတြေးလျနှင့် အမေရိကန်ဈေးကွက်များသို့ သရက်သီးစိမ်းများအား ပထမအသုတ်တင်ပို့ရောင်းချခဲ့ကြောင်း ကြေညာသည့် အခမ်းအနားတစ်ရပ်ကိုကျင်းပခဲ့သည်။ အခမ်းအနားကို CO DO ခရိုင်၊ ပြည်သူ့ကော်မတီနှင့် ပို့ကုန်ကုမ္ပဏီတို့ ပူးပေါင်း၍ မြို့တော်စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျင်းပခဲ့ကြောင်းသိရသည်။

Loc Hung စိုက်ပျိုးရေးသမဝါယမ၊ CO DO ခရိုင်နှင့် Vina T & T ကုမ္ပဏီတို့အကြား စာချုပ်ချုပ်ဆိုပြီးနောက် သရက်သီးစိမ်း နှစ်တန် တင်ပို့ခဲ့သည်။ တစ်တန်ကို ဩစတြေးလျသို့ တင်ပို့မည်ဖြစ်ပြီး တစ်တန်ကို အမေရိကန်သို့ တင်ပို့ရန်အတွက် ဇရိယာကုတ်ဖြင့် ခွဲဝေပေးခဲ့သည်။ Can Tho မြို့တွင် လက်ရှိသရက်သီးခြံ ၃,၃၇၆ ဟက်တာရှိပြီး စုစုပေါင်း

သစ်သီးစိုက်ပျိုးဧရိယာ၏ ၁၃ ရာခိုင်နှုန်းရှိပြီး နှစ်စဉ် သစ်သီးတန်ချိန် ၁၇,၅၀၀ ထွက်ရှိသည်။ သရက်သီးစိုက်ပျိုးဧရိယာ ဟက်တာ ၂,၁၀၀ ကျော်ရှိသော CO DO သည် ဒေသအတွင်းတွင် သရက်သီးအများဆုံးစိုက်ပျိုးသည့် ခရိုင်ဖြစ်သည်။ Thoi Hung ဒေသတစ်ခုတည်းတွင် သရက်သီးစိုက်ပျိုးဧရိယာ ၁,၉၇၈ ဟက်တာရှိပြီး ၎င်းမှ သရက်သီးစိမ်း ၂၁ ဟက်တာတွင် စိုက်ပျိုးဧရိယာ ကုတ်ရှိပြီဖြစ်သည်။

၂၀၂၁ ခုနှစ် သီးနှံစိုက်ပျိုးထုတ်လုပ်ရေးဌာန၏ အချက်အလက်များအရ ဗီယက်နမ်နိုင်ငံ၏ သရက်သီး ဧရိယာသည် ဟက်တာ ၁၁၅,၀၀၀ ခန့်ရှိပြီး တစ်နှစ်လျှင် တန်ချိန် တစ်သန်းခန့်ထွက်ရှိသည်။ လက်ရှိတွင် ဗီယက်နမ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ၁၃ နိုင်ငံမြောက် သရက်သီးအများဆုံး စိုက်ပျိုးထုတ်လုပ်သောနိုင်ငံဖြစ်သည်။ ဗီယက်နမ်သရက်သီး၏ အားသာချက်မှာ တစ်နှစ်ပတ်လုံး ရိတ်သိမ်းနိုင်ပြီး အဓိက ရိတ်သိမ်းရာသီမှာ မတ်လမှ ဇူလိုင်လအထိ ဖြစ်သော်လည်း နောက်နှစ် ဩဂုတ်လမှ ဖေဖော်ဝါရီလအထိ ရိတ်သိမ်းနိုင်သည်။

ဩစတြေးလျမှ ၂၀၁၇ ခုနှစ်တွင် ဗီယက်နမ်သရက်သီးတင်သွင်းမှုကို ခွင့်ပြုခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဈေးကွက်သို့ သရက်သီးများကို ပထမဆုံးအကြိမ်တင်ပို့ခဲ့သည်။ အဆိုပါ ဈေးကွက်ဖွင့်ချိန်မှစ၍ သရက်သီးအပါအဝင် လတ်ဆတ်သော သစ်သီးဝလံများကို ဝယ်လိုအားများသောဈေးကွက်များသို့ တင်ပို့ရောင်းချ မှုမှာ ပိုမိုအားကောင်းလာခဲ့သည်။

Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_28062024_1031

## ကော်ဖီတင်ပို့မှုမှ အမေရိကန်ဒေါ်လာ(၃)ဘီလီယံရရှိခဲ့သည့် ဗီယက်နမ်နိုင်ငံ

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်တွင် ကော်ဖီတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃ ဘီလီယံရရှိခဲ့ကြောင်းသိရသည်။ ဗီယက်နမ်နိုင်ငံ အကောက်ခွန်ဌာနချုပ်၏ အချက်အလက်များအရ ဗီယက်နမ်နိုင်ငံသည် ၂၀၂၄ ခုနှစ်၏ ပထမငါးလတာကာလတွင် ကော်ဖီတန်ချိန် ၈၆၂,၄၀၀ တန်တင်ပို့ခဲ့ပြီး လွန်ခဲ့သည့်နှစ် တူညီသည့်ကာလနှင့် နှိုင်းယှဉ်ပါက ပမာဏအားဖြင့် ၃၈ ရာခိုင်နှုန်း တိုးတက်ရရှိခဲ့ကြောင်းသိရသည်။ ဈေးနှုန်းတွင် ဗီယက်နမ်နိုင်ငံ၏ ပြည်ပသို့တင်ပို့သည့် ပျမ်းမျှကော်ဖီဈေးနှုန်းမှာ မေလတွင် တစ်တန်ကို ၄,၂၇၅ အမေရိကန်ဒေါ်လာရှိပြီး ဧပြီလထက် ၁၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ကာ လွန်ခဲ့သည့်နှစ် တူညီသည့်ကာလထက် ၆၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ ကြောင်းသိရသည်။ ဇွန်လအစောပိုင်းရက်များတွင် ပြည်တွင်းဈေးကွက်ရှိ ရိုဘတ်စတာကော်ဖီ ဈေးနှုန်းမှာ မေလကုန်နှင့်နှိုင်းယှဉ်ပါက မြင့်တက်လာကြောင်းသိရသည်။ ဗီယက်နမ်နိုင်ငံ စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏အဆိုအရ လတ်တလောတွင် ပြည်တွင်းဈေးကွက်၌ ကော်ဖီကုန်လက်ကျန် အနည်းငယ်သာရှိတော့ကြောင်းသိရသည်။ လတ်တလောရှည်ကြာလှသည့် ပူပြင်းသည့်ရာသီဥတုကြောင့် ဗဟိုကုန်းမြင့်ဒေသများတွင် ကော်ဖီထွက်ရှိမှုကျဆင်းလာပြီး လာမည့်ကောက်ရိတ်သိမ်းနှစ်တွင် ကော်ဖီထွက်ရှိမှုမှာ ၂၀ ရာခိုင်နှုန်း ထိကျဆင်းနိုင်မည်ဟု ခန့်မှန်းမှုများ ရှိနေသည်။ ဗီယက်နမ်နိုင်ငံကော်ဖီကိုကိုးအသင်း(Vicofa)က လတ်တလောတွင် ကော်ဖီဈေးနှုန်းများမြင့်တက်လျက်ရှိကြောင်း၊ ထို့ကြောင့် ကော်ဖီတင်ပို့မှုမှာကျဆင်းနိုင်ကြောင်း ပြောကြားခဲ့သည်။ အသင်းသည် ယခုနှစ်တွင် ကော်ဖီတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ မှ ၅ ဘီလီယံ ရရှိရန် မျှော်လင့်လျက်ရှိကြောင်းသိရသည်။ Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_28062024_1033

## စံချိန်တင်ပမာဏရှိသည့် နေကြာဆီများကိုဝယ်ယူခဲ့သည့် အိန္ဒိယနိုင်ငံ

အိန္ဒိယနိုင်ငံသည် ဇွန်လအတွက် ၅၀၀,၀၀၀ မက်ထရစ်တန်ရှိသည့် နေကြာဆီများကို စံချိန်တင် ဝယ်ယူခဲ့ပြီး အဓိက ထောက်ပံ့သည့် ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့ကြား ယှဉ်ပြိုင်မှုကလည်း နေကြာဆီကို ပဲပိစပ်ဆီနှင့် စားအုန်းဆီတို့ထက် ဈေးသက်သာစေကြောင်း အကောက်ခွန်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ အမည်မဖော်လိုသော ထိပ်တန်း ဝယ်ယူသူ တစ်ဦးက နေကြာဆီကို ပဲပိစပ်ဆီနှင့် စားအုန်းဆီတို့ထက် ဈေးနှုန်းလျှော့ချကာ ကုန်သွယ်လျက်ရှိနေသည့်အတွက် အိန္ဒိယနိုင်ငံ တောင်ပိုင်းပြည်နယ်များမှ ဝယ်လိုအားအလွန်မြင့်မားနေ သည့် ဝယ်ယူသူများကိုဆွဲဆောင်လျက်ရှိနေကြောင်း ကြေညာခဲ့သည်။

လွန်ခဲ့သည့် ရက်သတ္တပတ်အနည်းငယ်က နေကြာဆီစိမ်း တစ် မက်ထရစ်တန်ကို ကုန်ကျစရိတ်များ အားလုံးအပါအဝင် အမေရိကန်ဒေါ်လာ ၉၄၀ ဖြင့်ရရှိခဲ့ပြီး ပဲပိစပ်ဆီနှင့် စားအုန်းဆီတို့မှာ တစ်တန်ကို အမေရိကန် ဒေါ်လာ ၁,၀၁၅ နှင့် ၉၅၀ အသီးသီးရှိခဲ့ကြောင်း ကုန်သည်များ၏ ပြောကြားချက်အရသိရသည်။

နေကြာဆီသည် ပုံမှန်အားဖြင့် ပဲပိစပ်ဆီနှင့် စားအုန်းဆီတို့ထက် တစ်တန်ကို အမေရိကန်ဒေါ်လာ ၁၀၀ ဈေး ပိုကြောင်း သိရသည်။ Hyderabad တွင်အခြေစိုက်သည့် အခြားဝယ်ယူသူတစ်ဦးက နေကြာဆီအဓိက ထုတ်လုပ်သည့် ရုရှား၊ ယူကရိန်းနှင့် အာဂျင်တီးနားတို့သည် အပြင်းအထန်ယှဉ်ပြိုင်နေလျက်ရှိကြပြီး နေကြာဆီကို အခြားဆီများထက် ဈေးလျှော့ရောင်းချပေးရန်

ကမ်းလှမ်းလျက်ရှိကြောင်းနှင့် ၎င်းသည်လည်း နေကြာဆီဝယ်ယူရန်အတွက် စားအုန်းဆီနှင့် ပဲပိစပ်ဝယ်ယူမှုကို လျှော့ချနေကြောင်းပြောကြားခဲ့သည်။

ရုရှားနှင့်ယူကရိန်းနိုင်ငံတို့သည် ကမ္ဘာလုံးဆိုင်ရာ နေကြာဆီတင်ပို့မှု၏ ၇၀ ရာခိုင်နှုန်းခန့်နေရာယူထား ကြောင်းသိရသည်။ အိန္ဒိယနိုင်ငံသည် လွန်ခဲ့သည့်နှစ်တွင် လစဉ်ပျမ်းမျှ နေကြာဆီ ၂၅၀,၀၀၀ တန်ဝယ်ယူခဲ့ပြီး အဓိကအားဖြင့် ရုရှားနှင့် ယူကရိန်းတို့ရှိသည့် ပင်လယ်နက်ဒေသမှ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ အိန္ဒိယနိုင်ငံ သည် စားအုန်းဆီကို အဓိကအားဖြင့် အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့မှတင်သွင်းပြီး ပဲပိစပ်ဆီများကို အာဂျင်တီးနား၊ ဘရာဇီးနှင့် အမေရိကန်တို့မှ တင်သွင်းကြောင်းသိရသည်။

Source: Bangkok post,

Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_28062024_1035

## တရုတ်နိုင်ငံ၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) စီးဝင်မှုသည် ပထမငါးလအတွင်း ယွမ် ၄၁၂ ဒသမ ၅ ဘီလီယံအထိ ရောက်ရှိခဲ့

တရုတ်နိုင်ငံပြည်မကြီး၌ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) သည် ၂၀၂၄ ခုနှစ်၊ ပထမငါးလအတွင်း စုစုပေါင်း ယွမ်ငွေ ၄၁၂ ဒသမ ၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၅၇ ဒသမ ၉၄ ဘီလီယံခန့်) ရှိခဲ့ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရှိရသည်ဟု Xinhua news ၌ ဖော်ပြထားသည်။

အဆိုပါပမာဏသည် ယမန်နှစ် အလားတူကာလထက် ၂၈ ဒသမ ၂ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း ဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ FDI စီးဝင်မှုကျဆင်းခဲ့သော်လည်း အစီရင်ခံကာလတွင် တရုတ်နိုင်ငံတစ်ဝှမ်းတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၂၁,၇၆၄ ခုကို တည်ထောင်ခဲ့ပြီး ၁၇ ဒသမ ၄ ရာခိုင်နှုန်း တိုးလာကြောင်း ကိန်းဂဏန်းများအရ သိရှိရသည်ဟု ဖော်ပြထားသည်။

လက်တွေ့တွင်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏသည် မြင့်မားနေဆဲဖြစ်ကြောင်း၊ လွန်ခဲ့သည့်နှစ်ကနှိုင်းယှဉ်မှုပမာဏမြင့်မားခြင်းကြောင့် ကျဆင်းသွားသည့်သဘောသာဖြစ်ကြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့ကြောင်းသိရသည်။

ကုန်ထုတ်လုပ်မှုကဏ္ဍ၌ စုစုပေါင်း FDI ဝင်ရောက်မှု၏ ၂၈ ဒသမ ၄ ရာခိုင်နှုန်း (သို့မဟုတ်) ယွမ် ၁၁၇ ဒသမ ၁ ဘီလီယံ ဝင်ရောက်ခဲ့ပြီး ယခင်နှစ် အလားတူကာလထက် ၂ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာကာ ရင်းနှီး မြှုပ်နှံမှုတွင် ဆက်လက်တိုးတက်မှုကို ညွှန်ပြနေကြောင်း ဖော်ပြထားသည်။

Smart လှည့်သုံးကိရိယာများ ထုတ်လုပ်ရေးနှင့် ပရော်ဖက်ရှင်နယ် နည်းပညာဝန်ဆောင်မှုများအတွင်းသို့ FDI ဝင်ရောက်မှုမှာ တစ်နှစ်ထက်တစ်နှစ် ၃၃၂ ဒသမ ၉ ရာခိုင်နှုန်းနှင့် ၁၀၃ ဒသမ ၁ ရာခိုင်နှုန်းအသီးသီးတိုးလာခဲ့ကြောင်း သိရသည်။

ဂျာမနီနှင့် စင်ကာပူနိုင်ငံတို့မှ FDI သည် တစ်နှစ်ထက်တစ်နှစ် ၂၄ ဒသမ ၂ ရာခိုင်နှုန်းနှင့် ၁၆ ဒသမ ၂ ရာခိုင်နှုန်း အသီးသီးတိုးလာကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ မျှော်မှန်းချက်နှင့်ယုံကြည်ချက်သည် ယေဘုယျအားဖြင့် တည်ငြိမ်နေကြောင်း၊ တရုတ်နိုင်ငံရှိ အမေရိကန်၊ ဥရောပနှင့် ဂျပန်ကုမ္ပဏီများ အားလုံး၏ လေးပုံသုံးပုံကျော်သည် ၎င်းတို့၏ လုပ်ငန်းကို ဆက်လက်လုပ်ဆောင်ရန် စီစဉ်နေကြောင်း နိုင်ငံခြားကုန်သည်ကြီးများအသင်းမှ စစ်တမ်းရလဒ်ကို ကိုးကား၍ တာဝန်ရှိသူက ပြောကြားခဲ့သည်ဟု သိရသည်။

တရုတ်နိုင်ငံသည် ယခုနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန် မူဝါဒများစွာကို ချမှတ်ခဲ့ကြောင်း၊ မတ်လတွင် အစိုးရသည်ဈေးကွက်ဝင်ရောက်မှုချဲ့ထွင်ရေး၊ တန်းတူယှဉ်ပြိုင်နိုင်မှုကို မြှင့်တင်ရေးနှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာ အချက်များ စီးဆင်းမှုကို လွယ်ကူချောမွေ့စေရေး အစီအမံများအပါအဝင် အစီအမံ ၂၄ ခုကို အဆိုတင်သွင်းခဲ့ကြောင်းသိရသည်။

အဆိုပါ မူဝါဒသစ်များနှင့် အစီအမံများ အသက်ဝင်သည်နှင့်အမျှ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်သည် ပိုမိုအဆင်ပြေလာမည်ဖြစ်ကြောင်း အဆိုပါအရာရှိက ပြောကြားခဲ့သည်ဟု သိရသည်။

Source: https://english.news.cn/20240621/5763620c07c74069a556afc176d2516d/c. html

(စီးပွားရေးသံမှူး၊ နန်နင်းမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_260620241200

## ဂျုံတင်သွင်းမှု ပိတ်ပင်ထားသည့် တူရကီနိုင်ငံ

အထွက်နှုန်းကျဆင်းမှုအပေါ်ရိုက်ခတ်မှုများနှင့် ဈေးနှုန်းကျဆင်းမှုများကြောင့်လယ်သမားများကိုကာကွယ်ရန်၊ ပို့ကုန်အတွက် ကုန်ကြမ်းလိုအပ်ချက်ကိုပြည့်မီစေရန်နှင့် ဈေးကွက်တည်ငြိမ်မှုရှိရန်တူရကီနိုင်ငံသည် ဂျုံတင်သွင်းမှုကိုယခုနှစ်ဇွန်လ ၂၁ ရက်နေ့မှအောက်တိုဘာလလယ်အထိရပ်တန့်ထားမည်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနထုတ်ပြန်ခဲ့သည်။

ကမ္ဘာ့ဂျုံအများဆုံးတင်သွင်းသည့်နိုင်ငံမှ ယခုကဲ့သို့ ဆောင်ရွက်ခဲ့ခြင်းကြောင့် ကမ္ဘာ့ဈေးကွက်၏ ရှိရင်းစွဲဈေးနှုန်းမတည်ငြိမ်မှုသည် ပိုမိုအတက်အကျများမည်ဖြစ်ပြီး တူရကီသို့ ဂျုံအများဆုံး တင်သွင်းသည့် ရုရှားနိုင်ငံအပေါ် အကျိုးသက်ရောက်မှုများမည်ဖြစ်သည်။ ကမ္ဘာ့ဂျုံ အများဆုံးတင်ပို့သူဖြစ်သည့် ရုရှားနိုင်ငံသည် ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း ထုတ်လုပ်မှုနှင့်တင်ပို့မှု အနည်းငယ်ကျဆင်းမည်ဟု ခန့်မှန်းချက်များကြောင့် ပြီးခဲ့သည့် သီတင်းပတ်များအတွင်း ဂျုံဈေး တက်သွားခဲ့သည်။ သို့သော် တူရကီက ဂျုံတင်သွင်းမှုကို တားမြစ်ကြောင်း ကြေညာခဲ့ပြီးနောက် ချီကာဂို ဂျုံစတော့ဈေးသည် ၇ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့ကာ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လမှ စ၍ အပတ်စဉ်ပေါက်ဈေးတွင် အနိမ့်ဆုံးဖြစ်ခဲ့သည်။

တူရကီတွင် ဂျုံ စတင်ရိတ်သိမ်းနေပြီဖြစ်သောကြောင့် တူရကီစာရင်းအင်းတက္ကသိုလ်၏ ခန့်မှန်းချက်အရ ၂၀၂၄ ခုနှစ်အတွင်း ဂျုံထုတ်လုပ်မှုသည် ပြီးခဲ့သည့်နှစ်ကထက် ၄ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းကာ တန်သန်း ပေါင်း ၂၁ သန်း ထွက်ရှိမည်ဖြစ်ကြောင်း၊ ကောက်ပဲသီးနှံစုစုပေါင်း၏ တစ်နှစ်ပတ်လုံးထုတ်လုပ်မှုမှာ ၅ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းနိုင်ကြောင်း သိရသည်။

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကတည်းက ပိတ်ပင်ထားသည့် ပြည်တွင်းထုတ်ဂျုံမှ ထုတ်လုပ်သည့် ဂျုံမှုန့် တင်ပို့မှုကိုမူ ခွင့်ပြုမည်ဖြစ်ကြောင်း တူရကီလယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနကသိရသည်။ ကမ္ဘာ့ဂျုံမှုန့်အများဆုံး တင်ပို့သူအဖြစ် နှစ်ပေါင်းကြာရှည်ရပ်တည်ခဲ့သော တူရကီသည် ပုံမှန်အားဖြင့် သွင်းကုန်ဂျုံမှ ထုတ်လုပ်သည့်ဂျုံမှုန့်ကို တင်ပို့သူဖြစ်ကြောင်း တူရကီမှ သတင်းများကို အခြေခံ၍ world-grain.com သတင်းဌာနက ဖော်ပြထားသည်ကို သိရသည်။

Source: https://www.world-grain.com/,

Source: ကုန်သွယ်ရေးဦးစီးဌာန၊ WTO ဌာနခွဲ,

Source: https://commerce.gov.mm

Source:https://myantrade.gov.mm/article/naypyitaw_27062024_1019

## မလေးရှားနိုင်ငံမှ လတ်ဆတ်သော ဒူးရင်းသီးများ နောက်ဆုံးတွင် တရုတ်နိုင်ငံသို့ ဈေးကွက်ဝင်ရောက်လာနိုင်ပြီဖြစ်

တရုတ်ဝန်ကြီးချုပ် Li Qiang သည် မလေးရှားဝန်ကြီးချုပ် Anwar Ibrahim နှင့် ဇွန်လ ၁၉ ရက်နေ့က တွေ့ဆုံဆွေးနွေးခဲ့ပြီး၊ တရုတ်နှင့်မလေးရှား နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်ခြင်း နှစ် ၅၀ ပြည့် အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့နှင့် မလေးရှားစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးဝန်ကြီးဌာနတို့အကြား မလေးရှားနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်သွင်းလာသော လတ်ဆတ်သော ဒူးရင်းသီးများ ပိုးမွှားကင်းရှင်းကြောင်း လိုအပ်ချက်ဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

မလေးရှားစိုက်ပျိုးရေးဝန်ကြီး Mohamad Sabu က အဆိုပါသဘောတူညီချက်ကို လက်မှတ်ရေးထိုးခြင်းသည် မလေးရှားနိုင်ငံမှ လတ်ဆတ်သော ဒူးရင်းသီးများအတွက် တရုတ်ဈေးကွက်ကို ဖွင့်လှစ်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု သိရသည်။

Mohd Sabu သည် လာမည့် ၅ နှစ်မှ ၆ နှစ်အတွင်း တရုတ်နိုင်ငံသို့ တင်ပို့ရန်အတွက် ဒူးရင်းသီးအမြောက်အမြားတိုးချဲ့စိုက်ပျိုးရန် ဒေသခံတောင်သူများအားတိုက်တွန်းခဲ့ကြောင်းသိရသည်။ တရုတ်နိုင်ငံသည် မလေးရှားဒူးရင်းသီး တင်ပို့မှုဈေးကွက်ဖြစ်ပြီး ၂၀၂၂ ခုနှစ်တွင် ရင်းဂစ် ၈၈၇ သန်း ယွမ် ၁ ဒသမ ၃၇ ဘီလီယံခန့် တင်သွင်းခဲ့ကြောင်း သိရသည်။

မလေးရှားမီဒီယာများ၏ ဖော်ပြချက်အရ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးဝန်ကြီးဌာန၏ ပို့ကုန်လမ်းညွှန်ချက်များထုတ်ပြန်မှုကို စောင့်ဆိုင်းနေပြီး လတ်ဆတ်သော ဒူးရင်းသီးများ တရားဝင်တင်ပို့ခြင်းကို ဆိုင်းငံ့ထားဆဲဖြစ်ကြောင်း၊ မလေးရှားနိုင်ငံတွင် ဒူးရင်းရာသီစတင်ခဲ့သော်လည်း လတ်ဆတ်သော ဒူးရင်းသီးများကို တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ခြင်း မရှိသေးသောကြောင့် ဝယ်ယူသူများသည် ဒူးရင်းသီးကို နိုက်ထရိုဂျင် အရည်နည်းပညာဖြင့် ပြုပြင်၍ တရုတ်ဈေးကွက်သို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

မလေးရှားဒူးရင်းသီးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ Chen Yikang က မူလနိုက်ထရိုဂျင်အရည်ဖြင့် ပြုပြင်ထားသည့် ဒူးရင်းသီးတင်ပို့မှုနှင့်မတူညီသောကြောင့် လတ်ဆတ်သောဒူးရင်းသီးတင်ပို့မှုမှာ သီးခြားလိုင်စင်ရှိရမည်ဟု ပြောကြားခဲ့ကြောင်း၊ စက်မှုလုပ်ငန်းကွင်းဆက်အတွက် ပြင်ဆင်ထားသော်လည်း ပို့ကုန်ကိစ္စများကို တရားဝင်ဆောင်ရွက်ခြင်းမပြုမီ စိုက်ပျိုးရေးဝန်ကြီးဌာနက အသေးစိတ်အချက်အလက်များကို ထုတ်ပြန်ကြေညာရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်ဟု သိရသည်။

လိုင်စင်လျှောက်ထားမှုမပြုလုပ်မီ သက်ဆိုင်ရာအာဏာပိုင်များ၏ ကြေညာချက်ကို စောင့်ဆိုင်းလျက်ရှိကြောင်း၊ နှစ်နိုင်ငံစလုံးက တရုတ်နိုင်ငံသို့ လတ်ဆတ်သော ဒူးရင်းသီးများတင်ပို့ရောင်းချနိုင်မည်ဟု ကြေညာပြီးနောက် ၎င်းအနေဖြင့် တရုတ်ဝယ်လက်များထံမှ လတ်ဆတ်သော ဒူးရင်းသီးများကို လေကြောင်းဖြင့် ဝယ်ယူရန် ကမ်းလှမ်းမှုများလည်း လက်ခံရရှိထားကြောင်း ၎င်းက ပြောကြားခဲ့သည်ဟု သိရသည်။

ဒူးရင်းသီးစိုက်ပျိုးသူများ၏ ပြောကြားချက်အရ မလေးရှားနိုင်ငံမှ ဒူးရင်းသီးကို သဘာဝအတိုင်း ရင့်မှည့်ခြင်းနှင့် သစ်ပင်ပေါ်မှ ကြိုတင်ခူးဆွတ်ခြင်း ပုံစံနှစ်မျိုးဖြင့် တရုတ်နိုင်ငံသို့ တင်ပို့မည်ဖြစ်ကြောင်း၊ ပထမနည်းမှာ တရုတ်နိုင်ငံသို့ အချိန်တိုတိုအတွင်း ရောက်ရှိရန်အရေးကြီးပြီး ကြိုတင်ခူးဆွတ်ခြင်းသည် နည်းပညာပိုင်း အရေးကြီးကြောင်း သိရသည်။

ယခုအခါ မလေးရှားနိုင်ငံ၏ ဒူးရင်းလုပ်ငန်းကွင်းဆက်သည် တရုတ်နိုင်ငံသို့ လတ်ဆတ်သော ဒူးရင်းသီးများ တင်ပို့ရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် လမ်းညွှန်မှုကိုစောင့်ဆိုင်းနေရုံသာဖြစ်ကြောင်း သိရသည်။

Source: https://www.nst.com.my/news/nation/2024/06/1065685/malaysia-can-now-export-fresh-durians-china-watch , (စီးပွားရေးသံမှူး၊ နန်နင်းမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_270620241230

# ပြည်တွင်းကုန်သွယ်မှုသတင်း

## ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီတွင် ပဲခူးတိုင်းဒေသကြီးအတွင်း ရိုဘတ်စတာကော်ဖီ ဧက ၁၀၀၀ စိုက်ပျိုးသွားမည်

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် အမည်သစ်သီးနှံ ရိုဘတ်စတာကော်ဖီ စိုက်ပျိုးနိုင်ရေး ပျိုးပင်ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၈ ရက် နံနက်ပိုင်းက ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင် ၃၆ အနီးရှိ Three Red Star Co,Ltd ၏ နှစ်ရှည်သီးနှံစိုက်ပျိုးရေးခြံ၌ ကျင်းပသည်။

ထိုသို့ထောက်ပံ့ပေးအပ်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ကော်ဖီသီးနှံသည် ကုန်းမြင့်ဒေသတွင် စိုက်ပျိုးနိုင်သော ကော်ဖီမျိုးရှိသကဲ့သို့ ပဲခူးတိုင်းဒေသကြီး၏ ရာသီဥတုနှင့်ကိုက်ညီသည့် ကမ္ဘာ့ဈေးကွက်ဝင် ရိုဘတ်စတာ မြေနိမ့်ကော်ဖီမျိုးများလည်းရှိပြီး ပင်လယ်ရေမျက်နှာပြင်အမြင့်ပေ ၂၅၀၀ အောက်နှင့် မိုးရေချိန် ၆၀-၁၀၀ လက်မကြားတွင် စိုက်ပျိုးရန်သင့်တော်မှုရှိကြောင်း၊ သစ်တောအစုအဖွဲ့လုပ်ငန်းရှင်များ၊ နှစ်ရှည်သီးနှံစိုက်ပျိုးသော လုပ်ငန်းရှင်များအနေဖြင့် မိမိတို့စိုက်ပျိုးသော သစ်တောပင်များမှ ဝင်ငွေရှိလာသလို ရိုဘတ်စတာကော်ဖီကို သီးညှပ်စိုက်ပျိုးခြင်းအားဖြင့် နှစ်သီးပေါ်မှ ဝင်ငွေပိုမိုတိုးတက်ရရှိလာနိုင်မည်ဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့တွင် Linght House Co,Ltd မှ ပြည်တွင်းမှထွက်ရှိသည့် ကော်ဖီအား တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြန်လည်အမှုန့်ကြိတ်၍ ပြည်ပနိုင်ငံများသို့ နှစ်စဉ်တင်ပို့နေရပြီး လက်တွေ့ အကျိုးကျေးဇူးများစွာ ရရှိခံစားနေရပြီဖြစ်ကာ ယခုမှ စိုက်ပျိုးမည့် လုပ်ငန်းရှင်များကိုလည်း သွားရောက်လေ့လာနိုင်ရေး စီစဉ်ပေးသွားမည်ဖြစ်ကြောင်း၊ ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီတွင် တိုင်းဒေသကြီးအတွင်း ရိုဘတ်စတာကော်ဖီဧက ၁၀၀၀ ပြည့်မီစွာ စိုက်ပျိုးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနဆိုင်ရာများကလည်း ပူးပေါင်းကူညီဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထိုနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက သစ်တောအစုအဖွဲ့လုပ်ငန်းရှင်များနှင့် နှစ်ရှည်သီးနှံစိုက်ပျိုးသောလုပ်ငန်းရှင်များအား ရိုဘတ်စတာကော်ဖီပင်များ ထောက်ပံ့ပေးအပ်ပြီး နှစ်ရှည်သီးနှံပင်ကြား သီးညှပ်ကော်ဖီပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့နယ် မယင်းကျေးရွာ၌ တစ်ကွင်းတစ်ဆက်တည်း ဧက ၃၀၀ မိုးစပါးစုပေါင်းထွန်ယက်ခြင်း၊ ပျိုးထောင်ခြင်းနှင့် ဓာတ်မြေဩဇာထောက်ပံ့ပေးအပ်ပွဲသို့တက်ရောက်ပြီး ဒေသခံတောင်သူများအတွက် သွင်းအားစုများထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

Source: မြန်မာ့အလင်းသတင်းစာ

# ပြည်ပကုန်သွယ်မှုသတင်း

## လယ်ယာထွက်ကုန်ပဲမျိုးစုံမေလတင်ပို့မှုလျာထားချက်ကျော်လွန်

မြန်မာနိုင်ငံ၏ အဓိကပြည်ပပို့ကုန် လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သည့် ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း များသည် နိုင်ငံတော်၏ ပြည်ပဝင်ငွေအများဆုံးရရှိသောအားထားရသည့် ပို့ကုန်အမည်များဖြစ်ကြသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင်

ပဲမျိုးစုံ တန်ချိန် ၁ ဒသမ ၈၉ သန်း၊ ပြည်ပသို့ တင်ပိုရန်လျာထားခဲ့ပြီး ယခုဘဏ္ဍာရေး နှစ်ပထမသုံးလပတ်တွင် စုစုပေါင်း တန်ချိန် ၄ ဒသမ ၃၈ သိန်း တင်ပို့ရန် လျာထားခဲ့သည်။

ပြည်ပတင်ပို့ရန်လျာထားချက်များအတိုင်း ပြည့်မီစွာတင်ပို့နိုင်ရေးဆောင်ရွက်လျက်ရှိရာ ယခု ဘဏ္ဍာရေး နှစ် ဧပြီနှင့် မေလများတွင် ပဲမျိုးစုံတန်ချိန် ၄ ဒသမ ၆၆ သိန်းကျော် တင်ပို့ထားနိုင်ခဲ့သည့်အတွက် လျာထားချက်ထက် ကျော်လွန်တင်ပို့နိုင်ခဲ့ပြီး ဇွန်လတွင်လည်း လျာထားချက်ပြည့်မီအောင် တင်ပို့နိုင်ရေး ပဲမျိုးစုံတင်ပို့သည့် ပို့ကုန်လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်း ကုန်သည်များအသင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့/အနောက်)၊ မွန်ပြည်နယ် တို့တွင် မတ်ပဲထွက်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင်လည်း အနည်းငယ်ထွက်ရှိသည်။ ပဲစင်းငုံ(အနီ)အား စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးပြီး ပဲစင်းငုံ (အဖြူ)မှာ ရှမ်းပြည်နယ်တောင်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်တို့တွင် အနည်းငယ်ထွက်ရှိသည်။ ပဲတီစိမ်းစိုက်ပျိုးထွက်ရှိရာ ဒေသများမှာ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့ဖြစ်ကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ သိရသည်။

ပြည်တွင်းမှ ထွက်ရှိသော ပဲများကို ၂၀ ရာခိုင်နှုန်းသာ ပြည်တွင်း၌ စားသုံးပြီး ၈၀ ရာခိုင်နှုန်းအား ပြည်ပသို့ တင်ပို့ လျက်ရှိပြီး မတ်ပဲနှင့် ပဲတီစိမ်းကို အိန္ဒိယနိုင်ငံ၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ စင်ကာပူ၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ တရုတ်၊ ဂျပန်နှင့် အီးယူနိုင်ငံများသို့ တင်ပို့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ပြည်တွင်း ပဲလိုအပ်ချက်များရှိသောကြောင့် ပဲတင်သွင်းမှုကို ဖြေလျှော့ပေးခဲ့ရာ ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲနီလေးများကို အကောက်ခွန်ကင်းလွတ်တင်သွင်းခွင့်အား ယခင်က၂၀၂၄ ခုနှစ်၊ မတ်လအထိ ခွင့်ပြုထားခဲ့ပြီး၊ ယခုအခါ ၂၀၂၅ ခုနှစ်၊ မတ်လအထိ သက်တမ်းတိုးမြှင့်ပေးခဲ့သည့်အတွက် မြန်မာနိုင်ငံမှ ပဲတင်ပို့သူလုပ်ငန်းရှင်များ ဈေးကောင်းရရှိနိုင်ကြောင်း သတင်းရရှိသည်။ Source: [https://commerce.gov.mm/my/article/](https://commerce.gov.mm/my/article/)

## ပြည်ပသို့ ပျားရည် တန် ၅၀၀ နီးပါးတင်ပို့

ယခုဘဏ္ဍာနှစ်၏ နှစ်လအတွင်း ပြည်ပသို့ ပျားရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၇၃၂ သန်း ရရှိခဲ့ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနပျားလုပ်ငန်းဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ သိရသည်။ ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ မေလ ၃၁ ရက်အထိ ပျားရည်တင်ပို့မှု အနေဖြင့် ပုဂ္ဂလိကကဏ္ဍမှ မက်ထရစ်တန် ၄၆၁ ဒသမ ၂၁ တန် တင်ပို့ပြီး နယ်စပ် ကုန်သွယ်ရေးမှ မက်ထရစ်တန် ၂၇ တန် တင်ပို့ခဲ့ရာ စုစုပေါင်း မက်ထရစ်တန် ၄၈၈ ဒသမ ၂၁ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ သုည ဒသမ ၇၃၂ သန်းရရှိခဲ့ကြောင်း သိရသည်။

မြန်မာ့ပျားရည်ကို ပြည်ပနိုင်ငံများဖြစ်သည့် တောင်ကိုရီးယား၊ ဂျပန်၊ အမေရိကန်၊ တရုတ်(တိုင်ပေ)နှင့် စင်ကာပူ နိုင်ငံတို့သို့ တင်ပို့လျက်ရှိပြီး ဂျပန်နိုင်ငံသို့ အများဆုံးတင်ပို့လျက်ရှိကြောင်း သိရသည်။ ပျားရည်ထုတ်လုပ်မှုအနေဖြင့် နှမ်းပျားရည်၊ ဆီးပျားရည်၊ ပန်းနှမ်းပျားရည်၊ နေကြာပျားရည်၊ လိုက်ချီးပျားရည်ဟူ၍ ထုတ်လုပ်လျက်ရှိရာ လက်ရှိတွင် နှမ်းပျားရည်ထုတ်လုပ်နေသည့် အချိန်ဖြစ်ကြောင်း သိရသည်။ Source: t.me/Popularjournal

Source: [https://myantrade.gov.mm/article/naypyitaw_26062024_1209](https://myantrade.gov.mm/article/naypyitaw_26062024_1209)

# အထူးဆောင်းပါးများ

## ဖိလစ်ပိုင်သမ္မတမားကို့စ်မှ ဆန်တင်သွင်းမှုအပေါ်ကောက်ခံသည့် အကောက်ခွန်နှုန်းထား လျှော့ချသတ်မှတ်သည့် အမိန့်ကြော်ငြာစာထုတ်ပြန်

ဖိလစ်ပိုင်သမ္မတမားကို့စ်သည် ဆန်တင်သွင်းမှုအပေါ် ကောက်ခံသည့် အကောက်ခွန်နှုန်းထားအား ၃၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်း ထိလျှော့ချသည့် အမိန့်ကြော်ငြာစာအား ထုတ်ပြန်ကြေညာခဲ့သည်။ သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၆၂ အရ ဆန်အပါအဝင် အမျိုးမျိုးသော ကုန်စည်လိုင်းများ တင်သွင်းခြင်းဆိုင်ရာ အကောက်ခွန်နှုန်းထားများအား လျှော့ချပေးခဲ့ခြင်း ဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံသားများ၏ ဝယ်ယူနိုင်စွမ်းအားအပေါ် အကာအကွယ်ပေးနိုင်ရန်နှင့် ကုန်စည်များရောင်းချမှုအပေါ် ပိုမို သေချာခိုင်မာမှုရှိစေရန်တို့အတွက်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

အသစ်ထုတ်ပြန်လိုက်သည့် အကောက်ခွန်နှုန်းထားများအရ လုပ်ငန်းရှင်များအနေဖြင့် ကာလလတ်၊ ကာလရှည် စီမံကိန်းများတွင် ကုန်ပစ္စည်းထုတ်လုပ်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းအားတို့ တိုးတက်လာမည်ဖြစ်သည်။ အကောက်ခွန်နှုန်းထား

လျှော့ချခြင်းအား ဆက်လက်ထားရှိပေးမည့် ယခုအစီအစဉ်သည် ပြည်တွင်းဈေးနှုန်းများ တည်ငြိမ်မှုရှိစေရန်၊ ငွေကြေးဖောင်းပွမှုနှုန်းအား လျှော့ချပေးနိုင်ရန်၊ ဖိလစ်ပိုင်နိုင်ငံသားများ၏ အကျိုးစီးပွားအား အကာအကွယ်ပေးနိုင်ရန်နှင့် ဝယ်ယူနိုင်စွမ်းအား အပေါ် အကာအကွယ်ပေးနိုင်ရန်တို့အတွက် နိုင်ငံတော်သမ္မတမှ ရည်ရွယ်ကြောင်း အမိန့်ကြော်ငြာစာအား သမ္မတကိုယ်စား လက်မှတ်ရေးထိုးထုတ်ပြန်သည့် အမှုဆောင် အတွင်းရေးမှူး Lucas Bersamin မှ ပြောကြားခဲ့သည်။

ယခုထုတ်ပြန်လိုက်သည့် အမိန့်ကြော်ငြာစာအမှတ် ၆၂ တွင် ဆား၊ ကော်ဖီနှင့် ကော်ဖီအစားထိုး ကုန်စည်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ဘရိုကိုလီ၊ မုန်လာဥ၊ ဂေါ်ဖီ၊ ဆလတ်ရွက်၊ ကန်စွန်းဥကဲ့သို့သော ဟင်းသီးဟင်းရွက်များ၊ စိုက်ပျိုးရေး ထုတ်ကုန်ပစ္စည်းများနှင့် စက်မှုထွက်ကုန်ပစ္စည်းများအပေါ် လက်ရှိကောက်ခံနေသော အခွန်သက်သာခွင့်များ (Most Favored Nations-MFN) နှုန်းထားများအား သုည ရာခိုင်နှုန်း မှ ၆၅ ရာခိုင်နှုန်းအတွင်း ပြင်ဆင်လျှော့ချပေးခြင်းတို့ပါဝင်သည်။ ကုန်သွယ်ဖက်နိုင်ငံတစ်ခုကို ပေးထားသည့် အခွင့်အရေးများကို အခြားသောကုန်သွယ်ဖက်နိုင်ငံများမှလည်း ရရှိသင့်သည့် ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေးမှု (Trade Concession) အရ ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ဖော်ပြပါရှိသည်။

ပြောင်းတင်သွင်းမှုအပေါ် ကောက်ခံနေသည့် အကောက်ခွန်နှုန်းထားအား in-quota ၅ ရာခိုင်နှုန်း out-quota ၁၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ meat of swine အား in-quota ၁၅ ရာခိုင်နှုန်း out-quota ၂၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ mechanically deboned meat (MDM) of chicken and turkey အား ၅ ရာခိုင်နှုန်း သို့ လည်းကောင်း အသီးသီးလျှော့ချပေးခဲ့သည်။

ထို့ပြင် Solid Sodium Hydroxide, Zinc Peroxide, Clinical trial kits တို့အပေါ် ၃ ရာခိုင်နှုန်းနှင့် Coal Briquettes အပေါ် သုည ရာခိုင်နှုန်းသို့ ပြင်ဆင်လျှော့ချပေးခဲ့သည့်အပြင် chemical products, textile, machinery and transport equipment စသည့် tariff lines များနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များလည်း ပါဝင်ကြောင်း ဖော်ပြပါရှိသည်။

အမိန့်ကြော်ငြာစာအမှတ် ၁၂ (၂၀၂၃) အရ ထုတ်ပြန်ခဲ့သည့် e-motorcycles, e-bicycles, hybrid and plug-in electric vehicles, battery, e-buses, e-jeepneys, CKD e-vehicles, nickel metal hybrid accumulators တို့အပေါ် အခွန်နှုန်းထားအား သုည ရာခိုင်နှုန်းမှ တစ်ရာခိုင်နှုန်းသို့ လျှော့ချပေးခဲ့သည့် အကောက်ခွန်နှုန်းထားအား သက်တမ်းထပ်မံ တိုးမြှင့်ပေးမည်ဖြစ်သည်။

ယခုထုတ်ပြန်လိုက်သည့် အမိန့်ကြော်ငြာစာအရ အကောက်ခွန်နှုန်းထား လျှော့ချပေးမှု အစီအစဉ်သည် ၂၀၂၈ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ သက်ရောက်စေမည်ဖြစ်သည်။

ဖိလစ်ပိုင်သမ္မတနန်းတော်မှ အကောက်ခွန်နှုန်းလျှော့ချသည့် အမိန့်ကြော်ငြာစာအမှတ် ၆၂ အား ၂၀၂၄ ခုနှစ် ဇွန်လ ၂၀ ရက်နေ့က ထုတ်ပြန်ခဲ့ပြီး ထုတ်ပြန်ပြီးနောက် ၁၅ ရက် သို့မဟုတ် ၂၀၂၄ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့တွင် စတင်အကျိုးသက်ရောက်စေမည်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာပူးတွဲ၍ တင်ပြအပ်သည်။ Heading No 10.05 Maize (Corn) နှင့် Heading No 10.06 Rice တို့တင်သွင်းမှုအပေါ် ကောက်ခံသည့် အကောက်ခွန် နှုန်းထား MFN Rate of Duty(ရာခိုင်နှုန်း) လျှော့ချပေးမှုအစီအစဉ်အား အမိန့်ကြော်ငြာစာအမှတ် ၅၀ ဖြင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့က တစ်နှစ် သက်တမ်း တိုးပေးခဲ့ပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ထိ အကျုံးဝင်ခဲ့သည်။

ယခုထပ်မံ၍ ပူးတွဲအမိန့်ကြော်ငြာစာအမှတ် ၆၂ ပါ ဆန်နှင့် ပြောင်းအပါအဝင် အမျိုးမျိုးသောကုန်စည် လိုင်းများအပေါ် အကောက်ခွန်နှုန်းလျှော့ချပေးမှုအား ၂၀၂၈ ခုနှစ်အထိ သက်တမ်းတိုးမြှင့်ခွင့်ပြုပေးခဲ့ခြင်း ဖြစ် သည်။

ထိုသို့ ဆန်တင်သွင်းမှုအပေါ် အကောက်ခွန်နှုန်းထားများ ပြင်ဆင်လျှော့ချသတ်မှတ် ပေးလိုက်ခြင်းအပေါ် ဖိလစ်ပိုင် ဆန်တောင်သူများအုပ်စု (Farmers Group) မှ ကန့်ကွက်မှုများရှိနေပြီး Tariff Commission အနေဖြင့် တောင်သူလယ်သမား များ၏ သဘောထားမှတ်ချက်များတောင်းခံခြင်း၊ Public hearing ပြုလုပ်ခြင်းမရှိဘဲ အမိန့်ကြော်ငြာစာ ထုတ်ပြန်လိုက်ခြင်း တို့ကြောင့် ဖြစ်သည်။

မြန်မာနိုင်ငံကဲ့သို့သော ဖိလစ်ပိုင်နိုင်ငံသို့ ဆန်၊ ပြောင်းတင်သွင်းနေသော အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခုအနေဖြင့် ယခုကဲ့သို့ ဖိလစ်ပိုင်အစိုးရမှ အကောက်ခွန်နှုန်း လျှော့ချပေးလိုက်ခြင်းက အခြားသော ဆန်၊ ပြောင်း တင်ပို့နေသည့် အာဆီယံ မဟုတ်သည့် နိုင်ငံများနှင့်လည်း ဈေးကွက်ယှဉ်ပြိုင်စွမ်းအား ပိုမိုမြင့်တက်လာနိုင်ကြောင်း သိရသည်။

Ref: EO 62 (https://www.officialgazette.gov.ph/downloads/2024/06jun/20240620-EO-62-FRM.pdf

(ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_240620240220

## ထိုင်းနိုင်ငံ၊ ကုန်သွယ်ရေးမူဝါဒနှင့် မဟာဗျူဟာရုံးက Secondary ပို့ကုန်အမျိုးအစားများ ပိုမိုတင်ပို့နိုင်ရေး စိတ်အားထက်သန်လျက်ရှိ

ထိုင်းနိုင်ငံအစိုးရက ပို့ကုန်အတွက် တွန်းအားပေးဆောင်ရွက်သကဲ့သို့ ကုန်သွယ်ရေးတွင် ခွဲခြားထားမှု မရှိသော်လည်း Secondary ပို့ကုန်များ၏ ပို့ကုန်တန်ဖိုး နည်းပါးနေခြင်းနှင့် စပ်လျဉ်း၍ ကုန်သွယ်ရေးမူဝါဒနှင့် မဟာဗျူဟာရုံးက လေ့လာသုံးသပ်လျက်ရှိကြောင်း သိရသည်။

Secondary ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရန်နှင့် ပို့ကုန်တန်ဖိုး တိုးမြှင့်နိုင်ရေးအတွက် ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ကုန်သွယ်ရေးမူဝါဒနှင့် မဟာဗျူဟာရုံး ညွှန်ကြားရေးမှူးချုပ်အား တာဝန်ပေးအပ်ထားကြောင်း၊ ထိုင်းနိုင်ငံ၏ ပို့ကုန်များသည် အဓိက ပို့ကုန်များပေါ်တွင် မှီတည်နေသည်မှာ အချိန်ကာလကြာခဲ့ပြီဖြစ်ရာ ယှဉ်ပြိုင်မှုနှင့်ရင်ဆိုင်နေရပြီး တိုးတက်မှုလည်း ကျဆင်းလာလျက်ရှိကြောင်း၊ ရလဒ်အနေဖြင့် ထိုင်းသဘောင်္တင်ပို့မှုသည် လျာထားချက်ကို ပြည့်မီရန်ပင် မတတ်နိုင်ကြောင်း ကုန်သွယ်ရေးမူဝါဒနှင့်မဟာဗျူဟာရုံး ညွှန်ကြားရေးမှူးချုပ် Mr. Poonpong Naiyannapakorn က ပြောကြားခဲ့သည်။

ဈေးကွက်သစ်များရှာဖွေခြင်းနှင့် ရှိပြီးဈေးကွက်များတွင် ဈေးကွက်ဝေစုချဲ့ထွင်ခြင်းတို့အပြင် တိုးတက်မှု အလားအလာနှင့် ကမ္ဘာ့ဈေးကွက်မှ ဝယ်လိုအားဆက်တိုက်ရှိနေသော Secondary ပို့ကုန်များကို မြှင့်တင်ရန် လိုအပ်နေကြောင်း၊ ၂၀၂၃ ခုနှစ် အချက်အလက်များအရ ထိုင်းနိုင်ငံ၏ ထိပ်တန်းပို့ကုန် အမျိုးအစား ၂၀ မျိုးမှာ တူညီသော ပို့ကုန်အုပ်စုများဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁၈၂ ဘီလီယံဖြစ်ကြောင်း၊ အဆိုပါ ပို့ကုန်များမှာ မော်တော်ကားနှင့်ဆက်စပ်ပစ္စည်းများ၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာ၊ ရော်ဘာထုတ်ကုန်များ၊ လျှပ်စစ်စက်ဆားကစ်ပြားများ၊ လတ်ဆတ်၊ အအေးခံနှင့် အသီးခြောက်များ၊ လေအေး ပေးစက်များဖြစ်ကြောင်း၊ မူဝါဒရုံး အနေဖြင့် Secondary ထုတ်ကုန်များ၏ ပို့ကုန်တန်ဖိုးကို အမေရိကန်ဒေါ်လာ ၁၀၇ ဘီလီယံ ထိရောက်ရှိရန် စီစဉ်ဆောင်ရွက်နေကြောင်း ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ပြောကြားခဲ့သည်။

Secondary ထုတ်ကုန်များမှာ လတ်ဆတ်နာနတ်သီး၊ အအေးခံဒူးရင်းသီး၊ လတ်ဆတ်ပြောင်းဖူး၊ အအေးခံမှို၊ အအေးခံကြက်သား၊ လတ်ဆတ်ဥများ၊ ပဲမည်းနှင့် ပဲစိမ်းများ၊ တိရစ္ဆာန်အစာ၊ ဂျုံထုတ်ကုန်များ၊ တိရစ္ဆာန်နှင့် ဟင်းသီးဟင်းရွက်ဆီ၊ မရှိမဖြစ်နေ့စဉ်အသုံးပြုသောပစ္စည်းများအပြင် မော်တော်ဆိုင်ကယ်နှင့် ဆက်စပ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ ဆေးဘက်ဆိုင်ရာပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ အားကစားပစ္စည်းများပါဝင်ကြောင်း ကုန်သွယ်ရေးမူဝါဒနှင့် မဟာဗျူဟာရုံး၏ ပြောကြားချက်အရ သိရသည်။

ထိုင်းနိုင်ငံ၏ ပို့ကုန်ကဏ္ဍသည် ပို့ကုန်အမည် အနည်းငယ်ပေါ်သာမှီတည်နေခြင်းကြောင့် Secondary ထုတ်ကုန်များ၏ ပို့ကုန်တန်ဖိုးတိုးမြှင့်နိုင်ရေး လေ့လာသုံးသပ်ချက်များ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Source: www.bangkokpost.com ,

(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

https://myantrade.gov.mm/article/Naypyitawstp_210620241130

## ကုန်သွယ်မှုအခြေအနေ

### ၂၀၂၄၊ ဇွန်လ အဓိကပို့ကုန်(၁၀) မျိုး/အဓိကသွင်းကုန်(၁၀)မျိုး

တန်ဖိုး

| စဉ် | ပစ္စည်း(ပို့ကုန်) | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး | | စဉ် | ပစ္စည်း(သွင်းကုန်) | တန်ဖိုး |
|---|---|---|---|---|---|---|---|---|
| 1 | ချုပ်ပြီးအထည် | ခုရေ | 58,008,321.050 | 355.170 | | 1 | ရေနံထွက်ပစ္စည်းများ | 466.440 |
| 2 | သဘာဝဓာတ်ငွေ့ | kg | 25,125,095.080 | 234.246 | | 2 | ချည်ထည်များ | 104.995 |
| 3 | ပြောင်း | မတန် | 392,680.067 | 92.634 | | 3 | ဓာတ်မြေသြဇာများ | 48.378 |
| 4 | မတ်ပဲ | မတန် | 63,124.627 | 64.352 | | 4 | စားအုန်းဆီ | 40.149 |
| 5 | ဆန် | မတန် | 105,635.600 | 59.805 | | 5 | စက်နှင့်စက်ပစ္စည်းများ | 31.851 |
| 6 | ပဲတီစိမ်း | မတန် | 77,461.809 | 50.737 | | 6 | သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ | 28.314 |
| 7 | ဆန်ကွဲ | မတန် | 89,362.250 | 36.559 | | 7 | ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ | 27.872 |
| 8 | ရော်ဘာစိမ်း | မတန် | 22,938.520 | 32.756 | | 8 | ဆေးဝါးပစ္စည်းများ | 26.879 |
| 9 | ပဲစင်းငုံ | မတန် | 25,125.000 | 30.221 | | 9 | ဓာတုဗေဒပစ္စည်းများ | 26.442 |
| 10 | ငါး | မတန် | 14,169.603 | 17.652 | | 10 | မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ | 19.111 |

**Source: tradedata**

# ပြည်ပပို့ကုန်/သွင်းကုန် အုပ်စုအလိုက် ကာလတူနှိုင်းယှဉ်ချက်

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပို့ကုန်အုပ်စု | ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် (၁.၄.၂၀၂၄မှ၂၁.၆.၂၀၂၄) ထိ | ၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ် (၁.၄.၂၀၂၄ မှ ၂၁.၆.၂၀၂၄) ထိ | တိုး/ လျော့ |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | 1294.337 | 785.073 | 509.264 |
| ၂ | တိရစ္ဆာန်ထွက် | 1.710 | 1.570 | 0.140 |
| ၃ | ရေထွက် | 134.096 | 98.444 | 35.652 |
| ၄ | သတ္တုတွင်းထွက် | 42.235 | 66.714 | -24.479 |
| ၅ | သစ်တောထွက် | 14.092 | 16.703 | -2.611 |
| ၆ | စက်မှုကုန်ချော | 1665.802 | 1894.717 | -228.915 |
| ၇ | အခြား | 59.135 | 580.605 | -521.470 |
| | **စုစုပေါင်း** | **3211.407** | **3443.826** | **-232.419** |

| စဉ် | သွင်းကုန်အုပ်စု | ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် (၁.၄.၂၀၂၄မှ၂၁.၆.၂၀၂၄) ထိ | ၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ် (၁.၄.၂၀၂၄ မှ ၂၁.၆.၂၀၂၄) ထိ | တိုး/ လျော့ |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | 440.196 | 948.139 | -507.943 |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | 1630.787 | 2029.969 | -399.182 |
| ၃ | လူသုံးကုန်ပစ္စည်း | 337.144 | 663.192 | -326.048 |
| ၄ | CMP | 604.180 | 631.946 | -27.766 |
| | | | | |
| | | | | |
| | **စုစုပေါင်း** | **3012.307** | **4273.246** | **-1260.939** |

**Source: commerce**

## ကုန်စည်ဒိုင် ဈေးနှုန်းများ

### ၂၀၂၄၊ ဇွန်လအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)(၂.၇.၂၀၂၄) ထိ

| မြို့နယ် | ဆန်ကြမ်းထိပ်စပေါင်း | ပေါ်ဆန်း |
|---|---|---|
| ဖျာပုံ | - | 110000-120000 |
| မြောင်းမြ | 79000-80000 | 110000-120000 |
| ဒေးဒရဲ | 79000-80000 | 110000-120000 |
| ဝါးခယ်မ | 79000-80000 | 100000-110000 |
| ဘိုကလေး | 79000-80000 | 100000-110000 |
| မော်လမြိုင်ကျွန်း | 79000-80000 | 100000-110000 |
| လပွတ္တာ | - | 100000-110000 |
| ကျိုက်လတ် | 79000-80000 | 100000-110000 |
| ဘုရင့်နောင် | 79000-80000 | 135000-145000 (ရွှေဘို) |

**Source: MRF**

### ၂၀၂၄၊ ဇွန်လ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ ဒေါ်လာ)

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 36.2024 | 1600-1650 | 1550-1600 | 1500-1550 | 1450-1500 | 1400-1450 |
| 2 | 10.6.2024 | 1700-1750 | 1650-1700 | 1600-1650 | 1550-1600 | 1500-1550 |
| 3 | 17.6.2024 | 1600-1650 | 1550-1600 | 1500-1550 | 1450-1500 | 1400-1450 |
| 4 | 24.6.2024 | 1600-1650 | 1550-1600 | 1500-1550 | 1450-1500 | 1400-1450 |

Source: MRPPA

## ၂၀၂၄၊ ဇွန်လအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ) | | | ခွံနီ(ရှယ်) | | | ဧည့်မထ | | | ငစိန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 3.6.2024 | 128000 | 125000 | 120000 | 105000 | 102000 | 100000 | 78000 | 77000 | 76000 | 72000 | 71000 | 70000 |
| 2 | 4.6.2024 | 128000 | 125000 | 120000 | 105000 | 102000 | 100000 | 78000 | 77000 | 76000 | 72000 | 71000 | 70000 |
| 3 | 5.6.2024 | 128000 | 125000 | 120000 | 105000 | 102000 | 100000 | 78000 | 77000 | 76000 | 72000 | 71000 | 70000 |
| 4 | 6.6.2024 | 130000 | 125000 | 120000 | 105000 | 102000 | 100000 | 78000 | 77000 | 76000 | 74000 | 73000 | 72000 |
| 5 | 7.6.2024 | 130000 | 125000 | 120000 | 105000 | 102000 | 100000 | 78000 | 77000 | 76000 | 74000 | 73000 | 72000 |
| 6 | 10.6.2024 | 130000 | 125000 | 120000 | 105000 | 102000 | 100000 | 78000 | 77000 | 76000 | 74000 | 73000 | 72000 |
| 7 | 11.6.2024 | 130000 | 125000 | 120000 | 105000 | 102000 | 100000 | 78000 | 77000 | 76000 | 74000 | 73000 | 72000 |
| 8 | 12.6.2024 | 130000 | 125000 | 120000 | 105000 | 102000 | 100000 | 78000 | 77000 | 76000 | 74000 | 73000 | 72000 |
| 9 | 13.6.2024 | 132000 | 125000 | 120000 | 105000 | 102000 | 100000 | 78000 | 77000 | 76000 | 74000 | 73000 | 72000 |
| 10 | 14.6.2024 | 132000 | 125000 | 120000 | 105000 | 102000 | 100000 | 78000 | 77000 | 76000 | 75000 | 74000 | 73000 |
| 11 | 17.6.2024 | 132000 | 125000 | 120000 | 105000 | 102000 | 100000 | 78000 | 77000 | 76000 | 75000 | 74000 | 73000 |
| 12 | 19.6.2024 | 132000 | 125000 | 120000 | 105000 | 102000 | 100000 | 78000 | 77000 | 76000 | 75000 | 74000 | 73000 |
| 13 | 20.6.2024 | 132000 | 125000 | 120000 | 105000 | 102000 | 100000 | 78000 | 77000 | 76000 | 75000 | 74000 | 73000 |
| 14 | 21.6.2024 | 132000 | 125000 | 120000 | 105000 | 102000 | 100000 | 78000 | 77000 | 76000 | 75000 | 74000 | 73000 |
| 15 | 24.6.2024 | 120000 | 115000 | 110000 | 104000 | 102000 | 100000 | 78000 | 77000 | 76000 | 75000 | 74000 | 73000 |
| 16 | 25.6.2024 | 120000 | 115000 | 110000 | 104000 | 102000 | 100000 | 78000 | 77000 | 76000 | 75000 | 74000 | 73000 |
| 17 | 26.6.2024 | 120000 | 115000 | 110000 | 104000 | 102000 | 100000 | 78000 | 77000 | 76000 | 75000 | 74000 | 73000 |
| 18 | 27.6.2024 | 120000 | 115000 | 110000 | 104000 | 102000 | 100000 | 78000 | 77000 | 76000 | 75000 | 74000 | 73000 |
| 19 | 28.6.2024 | 120000 | 115000 | 110000 | 104000 | 102000 | 100000 | 78000 | 77000 | 76000 | 75000 | 74000 | 73000 |

**Source: Myanmar Rice**

## ၂၀၂၄၊ ဇွန်လ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 3.6.2024 | 2100.0 | 56.980 | 289.82 | 1554.6 | 25.265 | 1337.2 |
| 2 | 4.6.2024 | 2100.0 | 57.487 | 289.91 | 1559.4 | 25.145 | 1352.4 |
| 3 | 5.6.2024 | 2100.0 | 57.236 | 289.75 | 1558.5 | 25.197 | 1344.5 |
| 4 | 6.6.2024 | 2100.0 | 57.487 | 289.85 | 1558.2 | 25.156 | 1344.2 |
| 5 | 7.6.2024 | 2100.0 | 57.740 | 289.83 | 1561.3 | 25.161 | 1349.6 |
| 6 | 10.6.2024 | 2100.0 | 56.988 | 289.75 | 1551.6 | 25.150 | 1338.0 |
| 7 | 11.6.2024 | 2100.0 | 57.112 | 289.49 | 1552.2 | 25.135 | 1334.4 |
| 8 | 12.6.2024 | 2100.0 | 57.166 | 289.51 | 1552.4 | 25.132 | 1336.3 |
| 9 | 13.6.2024 | 2100.0 | 57.361 | 289.62 | 1556.7 | 25.138 | 1337.5 |
| 10 | 14.6.2024 | 2100.0 | 57.127 | 289.43 | 1552.0 | 25.137 | 1332.3 |
| 11 | 17.6.2024 | 2100.0 | 57.081 | 289.42 | 1552.4 | 25.136 | 1332.5 |
| 12 | 19.6.2024 | 2100.0 | 57.252 | 289.37 | 1554.9 | 25.168 | 1330.8 |
| 13 | 20.6.2024 | 2100.0 | 57.151 | 289.24 | 1552.8 | 25.113 | 1325.5 |
| 14 | 21.6.2024 | 2100.0 | 57.299 | 289.21 | 1551.2 | 25.148 | 1322.4 |
| 15 | 24.6.2024 | 2100.0 | 57.268 | 289.18 | 1551.8 | 25.154 | 1314.3 |
| 16 | 25.6.2024 | 2100.0 | 57.330 | 289.15 | 1552.6 | 25.169 | 1317.2 |
| 17 | 26.6.2024 | 2100.0 | 57.057 | 288.99 | 1548.5 | 25.124 | 1312.9 |
| 18 | 27.6.2024 | 2100.0 | 56.903 | 288.90 | 1547.0 | 25.152 | 1308.1 |
| 19 | 28.6.2024 | 2100.0 | 57.050 | 289.00 | 1547.5 | 25.164 | 1305.0 |

Source: Central Bank of Myanmar

## ၂၀၂၄၊ ဇွန်လ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/ RC | ပဲစင်းငုံ RC | ပဲတီစိမ်း(ပခုက္ကူ) | ပဲတီရွှေဝါ (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| | | 2024 | 2024 | | (ထိပ်စ) | | |
| 1 | 3.6.2024 | 3342000 | 4400000 | 1837200-2143400 | 2449600 | 2703700-2807800 | 4259200 |
| 2 | 4.6.2024 | 3380000 | 4455000 | 1837200-2143400 | 2449600 | 2651600-2755800 | 4259200 |
| 3 | 5.6.2024 | 3385000 | 4440000 | 1837200-2143400 | 2449600 | 2651600-2755800 | 4259200 |
| 4 | 6.6.2024 | 3389000 | 4445000 | 1837200-2143400 | 2480200 | 2651600-2755800 | 4366300 |
| 5 | 7.6.2024 | 3402000 | 4475000 | 1837200-2143400 | 2480200 | 2651600-2755800 | 4366300 |
| 6 | 10.6.2024 | 3426000 | 1610000 | 1837200-2143400 | 2520000 | 2703700-2807800 | 4366300 |
| 7 | 11.6.2024 | 3439000 | 4625000 | 1837200-2143400 | 2520000 | 2786400-2809500 | 4366300 |
| 8 | 12.6.2024 | 3450000 | 4600000 | 1837200-2143400 | 2520000 | 2755800-2859900 | 4366300 |
| 9 | 13.6.2024 | 3450000 | 4620000 | 1837200-2143400 | 2550600 | 2755800-2859900 | 4366300 |
| 10 | 14.6.2024 | 3458000 | 4640000 | 1837200-2143400 | 2550600 | 2755800-2859900 | 4366300 |
| 11 | 17.6.2024 | 3435000 | 4590000 | 1837200-2143400 | 2602700 | 2755800-2859900 | 4366300 |
| 12 | 19.6.2024 | 3426000 | 4585000 | 1837200-2143400 | 2602700 | 2703700-2807800 | 4366300 |
| 13 | 20.6.2024 | 3395000 | 4530000 | 1837200-2143400 | 2602700 | 2703700-2807800 | 4366300 |
| 14 | 21.6.2024 | 3423000 | 4500000 | 1837200-2143400 | 2602700 | 2703700-2807800 | 4366300 |
| 15 | 24.6.2024 | 3362000 | 4495000 | 1837200-2143400 | 2602700 | 2651600-2755800 | 4366300 |
| 16 | 25.6.2024 | 3317000 | 4455000 | 1837200-2094400 | 2602700 | 2651600-2755800 | 4366300 |
| 17 | 26.6.2024 | 3353000 | 4502000 | 1837200-2094400 | 2602700 | 2651600-2755800 | 4366300 |
| 18 | 27.6.2024 | 3392000 | 4590000 | 1837200-2094400 | 2602700 | - | 4366300 |
| 19 | 28.6.2024 | 3370000 | 4510000 | 1837200-2094400 | 2602700 | - | 4366300 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၄၊ ဇွန်လ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျင်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်) (အထွက်တိုး) | ပြောင်းဆန် |
|---|---|---|---|---|---|---|
| 1 | 3.6.2024 | 3359000-3469200 | 2143400-2247500 | 2244400-2400600 | 2192400-2247500 | 796100-838400 |
| 2 | 4.6.2024 | 3359000-3469200 | 2143400-2247500 | 2244400-2553700 | 2192400-2247500 | 796100-838400 |
| 3 | 5.6.2024 | 3359000-3469200 | 2143400-2247500 | 2244400-2553700 | 2192400-2247500 | 796100-838400 |
| 4 | 6.6.2024 | 3359000-3469200 | 2192400-2247500 | 2397500-2602700 | 2192400-2247500 | 826700-839000 |
| 5 | 7.6.2024 | 3359000-3469200 | 2192400-2247500 | 2397500-2602700 | 2192400-2247500 | 826700-839000 |
| 6 | 10.6.2024 | 3359000-3469200 | 2192400-2296500 | 2397500-2654700 | 2192400-2296500 | 845100-857300 |
| 7 | 11.6.2024 | 3359000-3469200 | 2192400-2296500 | 2550600-2654700 | 2244400-2348500 | 845100-857300 |
| 8 | 12.6.2024 | 3359000-3469200 | 2192400-2296500 | 2550600-2654700 | 2345500-2400600 | 845100-857300 |
| 9 | 13.6.2024 | 3359000-3469200 | 2192400-2296500 | 2550600-2706800 | 2345500-2400600 | 857300-869600 |
| 10 | 14.6.2024 | 3359000-3469200 | 2192400-2296500 | 2651600-2755800 | 2345500-2400600 | 857300-869600 |
| 11 | 17.6.2024 | 3359000-3469200 | 2244400-2348500 | 2651600-2755800 | 2345500-2400600 | 875700-888000 |
| 12 | 19.6.2024 | 3359000-3469200 | 2244400-2348500 | 2651600-2755800 | 2345500-2400600 | 875700-888000 |
| 13 | 20.6.2024 | 3359000-3469200 | 2244400-2348500 | 2651600-2755800 | 2345500-2400600 | 875700-888000 |
| 14 | 21.6.2024 | 3359000-3469200 | 2244400-2348500 | 2703700-2807800 | 2345500-2400600 | 875700-888000 |
| 15 | 24.6.2024 | 3359000-3469200 | 2244400-2348500 | 2703700-2807800 | 2345500-2400600 | 857300-869600 |
| 16 | 25.6.2024 | 3359000-3469200 | 2244400-2348500 | 2703700-2807800 | 2345500-2400600 | 857300-869600 |
| 17 | 26.6.2024 | 3359000-3469200 | 2244400-2348500 | 2755800-2859900 | 2345500-2400600 | 857300-869600 |
| 18 | 27.6.2024 | 3359000-3469200 | 2244400-2348500 | 2755800-2859900 | 2345500-2400600 | 857300-869600 |
| 19 | 28.6.2024 | 3359000-3469200 | 2296500-2348500 | 2804700-2908900 | 2345500-2400600 | 857300-869600 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

# ၂၀၂၄၊ ဇွန်လအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ(မတန်/ ဒေါ်လာ)

| ပဲအမျိုးအစား | | 3.6.2024 to 7.6.2024 | 10.6.2024 to 14.6 .2024 | 17.5.2024 to 21.5.2024 | 24.6 .2024 to 28.6.2024 |
|---|---|---|---|---|---|
| မတ်ပဲ (2023-24 Crop) | FAQ | 1025-1045 | 1025-1045 | 1005-1025 | 975-995 |
| | SQ | 1120-1140 | 1120-1140 | 1100-1120 | 1065-1085 |
| | အခွံချွတ် အလုံး/အခြမ်း(FAQ) | 1090-1140 | 1090-1140 | 1070-1120 | 1070-1120 |
| | အခွံချွတ် အလုံး/အခြမ်း(SQ) | 1190-1240 | 1190-1240 | 1170-1220 | 1170-1220 |
| | အခွံပါအခြမ်း | 1090-1140 | 1090-1140 | 1070-1120 | 1070-1120 |
| ပဲတီစိမ်း (2023-24 Crop) | FAQ (အညာ) | 685-715 | 695-725 | 700-730 | 700-730 |
| | ရွှေဝါအကြီး(Size 3.5 mm &up) | 810-840 | 835-865 | 850-880 | 850-880 |
| | ရွှေဝါအကြီး (Size 3.25 mm &up) | 780-810 | 800-830 | 800-830 | 800-830 |
| | ရွှေဝါအသေး (Under 3.5 mm) | 730-760 | 740-770 | 740-770 | 740-770 |
| ပဲတီစိမ်း (2023 -24 Crop) | FAQ ပဲနောက် | 635-655 | 650-670 | 670-690 | 690-720 |
| | SQ ပဲနောက် | 830-850 | 870-890 | 910-930 | 930-950 |
| | အခွံချွတ်အလုံးကြီးအခြမ်း(အညာ) | 960-1010 | 970-1020 | 975-1025 | 975-1025 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 735-760 | 745-770 | 750-775 | 790-840 |
| | အခွံပါအလုံးသေးအခြမ်း(အညာ) | 700-750 | 710-760 | 715-765 | 730-780 |
| ပဲစင်းငုံ(2023 -24 Crop) | အနီ | 1340-1360 | 1340-1360 | 1340-1360 | 1330-1350 |
| ပဲစင်းငုံ (2023-24 Crop) | အဖြူ(စစ်ကိုင်း) | 1300-1320 | 1300-1320 | 1300-1320 | 1290-1310 |
| | အခွံချွတ်အခြမ်း | 1640-1665 | 1640-1665 | 1640-1665 | 1630-1655 |
| ကုလားပဲဖြူလုံးကြီး V2 | FAQ | 890-915 | 890-915 | 890-915 | 890-915 |
| | အခွံချွတ်အခြမ်း | 1205-1230 | 1205-1230 | 1205-1230 | 1205-1230 |
| ပဲလွန်းဖြူ | FAQ | 700-720 | 700-720 | 720-740 | 740-760 |
| | SQ | 770-795 | 770-795 | 790-815 | 810-835 |
| | အခွံချွတ်အခြမ်း | 825-875 | 825-875 | 845-895 | 865-915 |
| ပဲလွန်းနီ | FAQ | 640-690 | 640-690 | 640-690 | 640-690 |
| ပဲထောပတ် | FAQ | 1400-1430 | 1400-1430 | 1400-1430 | 1425-1455 |
| | အခွံချွတ်အခြမ်း | 1480-1505 | 1480-1505 | 1480-1505 | 1450-1475 |
| ပြောင်းဆန် | | 250-270 | 250-270 | 250-270 | 250-270 |
| နှမ်းဖြူ | | 1765-1815 | 1810-1860 | 1810-1860 | 1800-1850 |
| နှမ်းနက်(စမုန်) | | 1765-1815 | 1810-1860 | 1810-1860 | 1840-1890 |
| နှမ်းညို | | 1425-1475 | 1425-1475 | 1425-1475 | 1425-1475 |
| နှမ်းနက်(ရိုးရိုး) | | 1425-1475 | 1425-1475 | 1425-1475 | 1425-1475 |
| မြေထောက်ပဲ(အနီ)FAQ | | 1025-1050 | 1025-1050 | 1025-1050 | 1040-1065 |
| မြေထောက်ပဲ(အနီ)SQ | | 1225-1250 | 1225-1250 | 1225-1250 | 1240-1265 |
| မြေထောက်ပဲ(အဖြူ) | | 1225-1250 | 1225-1250 | 1225-1250 | 1240-1265 |
| မြေထောက်ပဲ(အကြား)Light Speckled Kidney Beans | | 1025-1050 | 1025-1050 | 1025-1050 | 1040-1065 |
| ပဲယင်း(ဝါ) | | 520-545 | 520-545 | 520-545 | 520-545 |
| ပဲယင်း(နီ) | | 650-700 | 650-700 | 650-700 | 675-725 |
| ပဲကြီး | | 900-935 | 900-935 | 900-935 | 900-935 |
| Azuki (Small Red Bean) | | 1000-1025 | 1000-1025 | 1000-1025 | 1000-1025 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၄၊ ဇွန်လအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်စျေးနှုန်းများ (FOB-YGN) (ဒေါ်လာ/မက်တန်)

| စဉ် | အမျိုးအစား | 5.6.2024 to 11.6.2024 | 12.6.2024 to 18.6.2024 | 19.6.2024 to 25.6.2024 | 26.6.2024 to 2.7.2024 |
|---|---|---|---|---|---|
| 1 | Myanmar White Rice 5% Broken | 555-565 | 550-555 | 550-555 | 550-555 |
| 2 | Myanmar White Rice 5% Broken (Well Milled Sortexed) | 565-575 | 555-560 | 555-560 | 555-560 |
| 3 | Myanmar Long Grain White Rice 5% Broken(well Milled Double Polished Sortexed) | 565-575 | 555-560 | 555-560 | 555-560 |
| 4 | Myanmar Long Grain White Rice 10% Broken(well Milled Double Polished Sortexed) | 565-570 | 550-555 | 550-555 | 550-555 |
| 5 | Myanmar Long Grain White Rice 15% Broken(well Milled Double Polished Sortexexd) | 560-565 | 545-550 | 545-550 | 545-550 |
| 6 | Myanmar Long Grain White Rice 25% Broken(well Milled Double Polished Sortexexd) | 550-555 | 540-545 | 540-545 | 540-545 |
| 7 | Myanmar Long Grain White Rice (Emata)25% Broken(Reasonable Well Milled) | 520-525 | 515-520 | 515-520 | 515-520 |
| 8 | Myanmar White Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 575-580 | 560-570 | 560-570 | 560-570 |
| 9 | Myanmar White Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 575-580 | 550-560 | 550-560 | 550-560 |
| 10 | Myanmar White Rice (Kayinma) 15% Broken (Well Milled Double Polished Sortexed) | 565-570 | 545-550 | 545-550 | 545-550 |
| 11 | Myanmar White Rice (Kayinma) 25% Broken (Well Milled Double Polished Sortexed) | 550-555 | 540-550 | 540-550 | 540-550 |
| 12 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 565-575 | 555-560 | 555-560 | 555-560 |
| 13 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 565-570 | 550-555 | 550-555 | 550-555 |
| 14 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 560-565 | 545-550 | 545-550 | 545-550 |
| 15 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 550-555 | 540-545 | 540-545 | 540-545 |
| 16 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed) | 570-575 | 555-560 | 555-560 | 555-560 |
| 17 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 570-575 | 550-555 | 550-555 | 550-555 |
| 18 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 565-570 | 545-550 | 545-550 | 545-550 |
| 19 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 550-555 | 540-545 | 540-545 | 540-545 |
| 20 | Myanmar White Rice (Nga Sein Yar Kyaw)25% Broken(Reasonably Well-Milled) | 530-535 | 515-520 | 515-520 | 515-520 |
| 21 | Myanmar Long Grain Fragrant Rice 5% Broken(Well Milled Double Polished Sortexed) | 595-605 | 595-605 | 595-605 | 595-605 |
| 22 | Myanmar White Rice Tun Pu (or) Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 560-570 | 555-560 | 555-560 | 555-560 |
| 23 | Myanmar White Rice Tun Pu (or) Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 550-560 | 550-555 | 550-555 | 550-555 |
| 24 | Myanmar White Rice Tun Pu (or) Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 545-550 | 545-550 | 545-550 | 545-550 |
| 25 | Myanmar White Rice Tun Pu (or) Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 540-550 | 540-550 | 540-550 | 540-550 |
| 26 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 640-645 | 640-645 | 640-645 | 640-645 |
| 27 | Myanmar Parboiled Rice (Kayinma) 10 % Broken (Well Milled Double Polished Sortexed) | 635-645 | 635-645 | 635-645 | 635-645 |
| 28 | Myanmar Long Grain Parboiled Brown Rice 5% Broken (Well Milled Double Polished Sortexed) | 645-650 | 645-650 | 645-650 | 645-650 |
| 29 | Myanmar Long Grain Parboiled Rice 10% Broken (Well Milled Double Polished Sortexed) | 635-645 | 635-645 | 635-645 | 635-645 |
| 30 | Myanmar Glutinous Rice 5% Broken (Well Milled) | 600-610 | 570-580 | 570-580 | 570-580 |
| 31 | Myanmar Glutinous Rice 10 % Broken (Well Milled) | 590-600 | 560-570 | 560-570 | 560-570 |
| 32 | Myanmar Glutinous Rice 15 % Broken (Well Milled) | 580-590 | 550-560 | 550-560 | 550-560 |
| 33 | Myanmar Glutinous Rice 10 % Broken (Reasonable Well Milled) | 570-580 | 545-550 | 545-550 | 545-550 |
| 34 | Myanmar Brown Rice 10 % Broken | 470-480 | 470-480 | 470-480 | 470-480 |

**Source: MRF**

## ၂၀၂၄၊ ဇွန်လအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Crude Oil (USD/bbl) | Brent Crude Oil (USD / bbl) | RBOB Gasoline (USD/ gal) | Natural Gas USD/ MMBtu) | Heating Oil (USD/ gal) |
|---|---|---|---|---|---|---|
| 1 | 3.6.2024 | 76.95 | 81.04 | 241.84 | 2.70 | 237.74 |
| 2 | 4.6.2024 | 73.69 | 77.85 | 232.67 | 2.76 | 228.72 |
| 3 | 5.6.2024 | 73.21 | 77.48 | 234.27 | 2.64 | 228.98 |
| 4 | 6.6.2024 | 74.51 | 78.76 | 236.86 | 2.77 | 231.74 |
| 5 | 7.6.2024 | 75.62 | 79.92 | 240.20 | 2.84 | 235.79 |
| 6 | 10.6.2024 | 75.67 | 79.79 | 239.48 | 2.99 | 236.81 |
| 7 | 11.6.2024 | 77.65 | 81.46 | 241.18 | 3.01 | 240.87 |
| 8 | 12.6.2024 | 78.35 | 82.28 | 243.19 | 3.10 | 244.23 |
| 9 | 13.6.2024 | 78.34 | 82.41 | 238.45 | 3.03 | 243.60 |
| 10 | 14.6.2024 | 78.16 | 82.37 | 241.80 | 2.94 | 248.59 |
| 11 | 17.6.2024 | 78.16 | 82.33 | 238.81 | 2.81 | 246.36 |
| 12 | 19.6.2024 | 81.51 | 85.36 | 249.92 | 2.92 | 252.90 |
| 13 | 20.6.2024 | 81.42 | 85.12 | 249.73 | 2.89 | 253.77 |
| 14 | 21.6.2024 | 82.17 | 85.59 | 249.66 | 2.73 | 252.20 |
| 15 | 24.6.2024 | 80.64 | 85.18 | 250.85 | 2.68 | 249.58 |
| 16 | 25.6.2024 | 81.62 | 85.98 | 251.26 | 2.81 | 252.26 |
| 17 | 26.6.2024 | 81.28 | 85.43 | 251.83 | 2.72 | 252.70 |
| 18 | 27.6.2024 | 80.65 | 85.02 | 254.05 | 2.63 | 253.40 |
| 19 | 28.6.2024 | 82.30 | 86.88 | 255.30 | 2.71 | 256.00 |

Source: Bloomberg Commodities

## ၂၀၂၄၊ ဇွန်လအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)

| No | Date | London | New York |
|---|---|---|---|
| 1 | 3.6.2024 | 2325 | 2329 |
| 2 | 4.6.2024 | 2347 | 2352 |
| 3 | 5.6.2024 | 2340 | 2344 |
| 4 | 6.6.2024 | 2370 | 2510 |
| 5 | 7.6.2024 | 2381 | 2387 |
| 6 | 10.6.2024 | 2295 | 2297 |
| 7 | 11.6.2024 | 2306 | 2310 |
| 8 | 12.6.2024 | 2316 | 2319 |
| 9 | 13.6.2024 | 2314 | 2316 |
| 10 | 14.6.2024 | 2307 | 2310 |
| 11 | 17.6.2024 | 2326 | 2330 |
| 12 | 19.6.2024 | 2331 | 2335 |
| 13 | 20.6.2024 | 2347 | 2351 |
| 14 | 21.6.2024 | 2363 | 2366 |
| 15 | 24.6.2024 | 2329 | 2332 |
| 16 | 25.6.2024 | 2331 | 2334 |
| 17 | 26.6.2024 | 2317 | 2321 |
| 18 | 27.6.2024 | 2302 | 2305 |
| 19 | 28.6.2024 | 2329 | 2331 |
| 20 | 30.5.2024 | 2338 | 2341 |
| 21 | 31.5.2024 | 2346 | 2350 |

Source: Bullionvault,

မှတ်ချက်။ ရန်ကုန်၊ မန္တလေးရွှေဈေးသည် e trade Myanmar တွင် ဈေးနှုန်းတက်ခြင်းမရှိပါသောကြောင့် ဈေးနှုန်းရရှိချိန်တွင်ပြန်လည်ဖော်ပြပေးပါမည်